ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ စနေနေ့၊ (29-7-2006) (၅၀၃၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗာဆေးပီတယ် ၎င်း၏ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဗာဆေးပီတယ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါသံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗာဆေးပီတယ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဗာဆေးပီတယ်က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၉-၇-၂၀၀၆
(စနေနေ့)

ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး ဦးတည်ကြိုးပမ်း

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံထောင့်စုံက ဖွံ့ဖြိုးလာစေရန် လမ်းပန်းဆက်သွယ်ရေး အပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်း ပေးလျက်ရှိသည်။

ယခုအခါ ချင်းပြည်နယ်အတွင်း ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်းနှင့် မင်းတပ်-မတူပီလမ်း အဓိကလမ်းမကြီးလေးသွယ်ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အဆိုပါ လမ်းများနှင့် ဆက်စပ်နေသည့် အတွင်းပိုင်းလမ်းများကိုပါ ဖောက်လုပ်မွမ်းမံပေးလျက်ရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ပြီး ဆက်သွယ်သွားလာရေး ပိုမိုလွယ်ကူလာလျက်ရှိသည်။

ချင်းပြည်နယ်သည် သဘာဝမြေပြင်အနေအထားအရ စိုက်ပျိုးရန်မြေပြန့်ရှားပါးသော်လည်း ကုန်းမြင့်လယ်ယာများ ဖော်ထုတ်၍ ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်စပါးနှင့် ဝင်ငွေရရှိနိုင်သော နှစ်ရှည်ပင်များ၊ ရာသီသီးနှံပင်များကို တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းနိုင်သည့် လက်ဖက်ကို ပြည်နယ်တစ်ခုလုံး၌ ပိုမိုစိုက်ပျိုးကြရမည်ဖြစ်သည်။

နိုင်ငံတော်က ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး ရည်မှန်းချက်ဖြင့် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ ဖလမ်းခရိုင်၌ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ထန်တလန်၊ ဖလမ်း၊ ရိခေါဒါရ်၊ ဟားခါးနှင့် မင်းတပ်ခရိုင်၌ ကန်ပက်လက်၊ မတူပီ၊ ရေဇွာနှင့် မင်းတပ်မြို့နယ်တို့၌ လက်ဖက်ပင်များ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကလည်း လက်ဖက်မျိုးကောင်းမျိုးသန့်များ၊ လက်ဖက်ပျိုးပင်များ ရရှိရေးတို့အတွက် ကူညီပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်စေရေး အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်စပါးကို အလေးထား စိုက်ပျိုးကြရင်း ရာသီဥတုနှင့် ကိုက်ညီသည့် လက်ဖက်စိုက်ပျိုးမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

မှတ်တမ်းလွှာချီးမြှင့်

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် ကျောင်းဆောင်အတွက် ဦးတင်ဖေအား ရည်စူး၍ ရန်ကုန်မြို့ သုဝဏ္ဏ ခရေပင်လမ်းနေ ဒေါ်တင်မေ၊ သမီး ဒေါ်ခင်မို့မို့တင်နှင့် မိသားစုက ငွေကျပ်သုံးသိန်းလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။
(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဌာန၏ဝင်ငွေတိုးတက်ရေးကို အဓိကထားဆောင်ရွက်ပေးစေလို လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများကို ပပျောက်အောင်ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင် ၂၂ ရက်တွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ ရေးဦးစွာ ကျိုက်ထိုမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းဦးက မြို့နယ်၏ဝန်ထမ်းအင်အားအခြေအနေများ၊ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေနှင့် ဖြန့်ဖြူးမှုတို့ကိုလည်းကောင်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးကျော်က ဝန်ကြီး၏ မှာကြားချက်များနှင့်အညီ မိမိပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံအကျဆုံး၊ ပြည်သူနှင့်ထိတွေ့မှုအများဆုံးဖြစ်သော ဝန်ထမ်းများဖြစ်သည့် မီတာဖတ်စာရေးများ၊ လျှပ်စစ်ကျွမ်းကျင်လုပ်သားများအနေဖြင့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တိကျမှန်ကန်ရန်လိုကြောင်း၊ မိမိဝန်ကြီးဌာန၏ ဝင်ငွေတိုးတက်ရေးကို အဓိကထား ဆောင်ရွက် ပေးစေလိုကြောင်း၊ လာမည့် ဩဂုတ်လမှ စတင်၍ အသစ်ပြန်လည် မီတာဖတ်သည့်စနစ် ကျင့်သုံးတော့မည် ဖြစ်သဖြင့် လုပ်ငန်းများအောင်မြင်အောင်လုပ်ကိုင်ကြရန် လိုကြောင်း၊ မိမိမြို့နယ်အလိုက် သတ်မှတ်ထားသော ဝင်ငွေရရှိအောင်၊ မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများကို ပပျောက်အောင် ဝိုင်းဝန်းဆောင်ရွက် ကြစေလိုကြောင်းဖြင့် ပြောကြားပြီး မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးအတွင်း တည်ဆောက်ပြီးစီးသော လျှပ်စစ်ဓာတ်အားခ ငွေသွင်းကောင်တာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာအနီးရှိ ဇင်းကျိုက်အသေးစား ရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံတာဝန်ခံ ဦးကိုလေးက စက်ရုံဝင်းအတွင်း ရေအားတာဘိုင်စက်များ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးအား စက်ရုံ၏ ရှင်းလင်းဆောင်၌ စက်ရုံတာဝန်ခံက စက်ရုံ၏ နောက်ခံသမိုင်းနှင့်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ စက်များတပ်ဆင် ထားရှိမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှု၊ ကီလိုဝပ် ၁၂၀ နှင့် အိမ်ခြေ ၅၅၀ တို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ပေးနိုင်ရန် နည်းလမ်းကောင်းများကို တီထွင်ကြံဆကြရန်လိုကြောင်း၊ မိမိဝန်ကြီးဌာန ဝင်ငွေတိုးတက်ရေးကို ဝန်ထမ်းများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ကြပ်မတ်ဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မြို့နယ်ရုံးများကို လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေမည့် နေရာများ၌ထားရှိရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ မြို့နယ်ရုံး တစ်ရုံးတွင် ထားရှိဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ မီတာဖတ်စာရေးများအနေဖြင့် အသစ်ပြန်လည် ကျင့်သုံးတော့မည့် နည်းစနစ်ကို တိကျစွာလိုက်နာ ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီးလိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပေါင်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ပဒမ္မာဆပ်ပြာထုတ်လုပ်မှု စက်ရုံသို့ရောက်ရှိရာ စက်ရုံတာဝန်ခံက ဆပ်ပြာထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးသည် လျှပ်စစ်ဓာတ်အားသွယ်တန်းမှု မရှိသေးသဖြင့် ကုန်ထုတ်လုပ်မှုတွင် အင်ဂျင်သုံး၍ မောင်းနှင်နေမှုကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ရရှိစေရန် တာဝန်ရှိသူ များနှင့် ညှိနှိုင်းပြီး လျှပ်စစ်ဓာတ်အား သွယ်တန်းနိုင်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်-ကျိုက်မရောကားလမ်းဘေးငန်းတေးကျေးရွာအနီးရှိ မော်လမြိုင်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံခန်းမဆောင်၌ စက်ရုံမှူး ဦးတင်ထွဋ်က ဝန်ထမ်းအင်အား အခြေအနေ၊ စက်ရုံ၌ တပ်ဆင်ထားရှိသော ဓာတ်အားပေးစက်များ၏ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံမှူးက စက်ရုံအတွင်းရှိ ရေနွေးငွေ့တာဘိုင်နှစ်ခု၏ Control Room ကို လည်းကောင်း၊ ပင်မ Control Room ကို လည်းကောင်း၊ ထွက်ရှိလာသော ဓာတ်အားကို ဓာတ်အားထိန်းခလုတ်မှတစ်ဆင့် BusBar သို့ လည်းကောင်း၊ Bus Bar မှတစ်ဆင့် သက်ဆိုင်ရာ ခလုတ်များသို့ လည်းကောင်း၊ သက်ဆိုင်ရာခလုတ် Oil Circuit Breaker မှ ဖီဒါများသို့ လည်းကောင်း၊ ဖီဒါများမှတစ်ဆင့် လိုအပ်သောနေရာများသို့ ဓာတ်အားပေးပို့လွှတ်ရာတွင် ဖီဒါကိုးခုဖြင့် ဓာတ်အားပေးနေမှုများကိုလည်းကောင်း လိုက်လံရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်များ၏ ကြံ့ခိုင်မှုကို အလေးထား ဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် လျှပ်စစ်ဓာတ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိကြရာ ရှေးဦးစွာ မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအေးကျော်က မြို့နယ်များ၏ ဝန်ထမ်းအင်အားအခြေအနေ၊ လျှပ်စစ်ဓာတ်အားလက်ခံရရှိမှုနှင့်ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁)နှင့်အမှတ်(၂) ဟူ၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ရည်မှန်းချက်ကို အကောင်အထည်ပေါ်အောင် ဝန်ထမ်းများအားလုံးက စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိဝန်ကြီးဌာန၏ ဝင်ငွေတိုးတက်ရေးကို အစွမ်းကုန်ကြိုးစားကြရန်လိုကြောင်း၊ ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာကို လုပ်အားဖြင့် သက်သေတည်၍ မြှင့်တင်ပေးစေလိုကြောင်း၊ ပြည်သူချစ်သော ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်းဖြင့်ရှင်းလင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်က ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားကို အပြည့်အဝ ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်၊ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားလိုင်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်ရန်နှင့် ဝန်ကြီး၏ မှာကြားချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ကြရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မူးယစ် ကင်းစင် အလှဆင်

စာပေစွမ်းပကားဖြင့် ပြည်သူ့အကျိုးထာဝစဉ်သယ်ပိုး

တက္ကသိုလ်တင်ခ

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားကျောင်းများနှင့် မြန်မာစာပေအခန်းကဏ္ဍသည် အလွန်အရေးပါခဲ့ပေသည်။ ကိုလိုနီအစိုးရလက်အောက်တွင် အမျိုးသားရေးစိတ်ဓာတ်ကို နှိုးဆော်ရာတွင်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပြုပြင်ရာတွင်လည်းကောင်း အမျိုးသားကျောင်းများက များစွာအထောက်အကူပြုပေးခဲ့ပေသည်။

အမျိုးသားရေးနိုးကြားပေးခဲ့သော မြန်မာစာပေအမွေကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ခဲ့ကြပေသည်။ အမျိုးသားရေးနိုးကြားပေးရာမှ မျိုးချစ်စိတ်ဓာတ်ကိုပါ ရိုက်ခတ်လှုပ်ရှား နိုးကြားစေခဲ့ပေသည်။ မြန်မာစာပေ၊ မြန်မာအက္ခရာ ကွယ်ပျောက်စေရန် နယ်ချဲ့တို့၏ အစီအမံကို ယနေ့မြန်မာတို့ မမေ့ပါရန် ရည်သန်တင်ပြလိုပေသည်။

မြန်မာစာပေသည် မြန်မာနိုင်ငံနှင့် မြန်မာတို့၏ ဂုဏ်ကို ဖော်ဆောင်နိုင်သော ရတနာတစ်ပါးဖြစ်ပေသည်။ မြန်မာစာပေသည် မြန်မာတို့၏ ယဉ်ကျေးမှုမဏ္ဍိုင်လည်း ဖြစ်ပေသည်။ စာပေမြင့်မှ လူမျိုးတင့်မည် ဖြစ်ပေရာ မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုသည် မြန်မာနိုင်ငံနှင့် မြန်မာတို့၏ အဆင့်အတန်းကို မြင့်မားစေရန် ဖန်တီးပေးနိုင်ပေသည်။

မျက်မှောက်ခေတ် စာပေပညာရှင်များက မြန်မာစာပေ ရေသောက်မြစ် ပင်စည်နှင့် အကိုင်းအခက်အလက် အပွင့်အသီးများ စည်ပင်ဖွံ့ထွားလာစေရေး ဆက်လက် အားထုတ်ကြရဦးမည်။ မြန်မာစာပေ၏ အစဉ်အလာကောင်းများနှင့်အညီ ပြည်သူအားလုံး စာပေမှတစ်ဆင့် ရရှိသည့် ကောင်းမြတ်သော စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရှင်သန်ဖြစ်ထွန်းနေရန် ဆက်လက်ကြိုးပမ်းကြရမည်။

၁၉၂၀ပြည့်နှစ် မတိုင်မီက မြန်မာစာပေအဆင့်အတန်း နိမ့်ကျနေချိန်ဖြစ်သည်။ ဤသည်မှာ နယ်ချဲ့အစိုးရ ဝါဒကြောင့်ဟု ဆိုရပါမည်။ မြန်မာစာကိုနှိမ်၍ အင်္ဂလိပ်စာကို မြှင့်တင်ထားသည်။ အင်္ဂလိပ်စာတတ်မှ အမှုထမ်း၊ အရာထမ်းနိုင်အောင်၊ လူရာဝင်အောင် လုပ်ထားသည်။ အင်္ဂလိပ်ယဉ်ကျေးမှုကို အထင်ကြီးအောင် စီမံထားသည်။ နိုင်ငံရေးသဘောအရ အင်္ဂလိပ်လူမျိုး၊ အင်္ဂလိပ်စာ၊ အင်္ဂလိပ်ယဉ်ကျေးမှုတို့ကို အထင်ကြီးအောင် ဖန်တီးထားခြင်းပင်ဖြစ်သည်။ ယင်းသို့အထင်ကြီးနေမှ အုပ်ချုပ်ခံရသူတို့ စိတ်ထဲတွင် တော်လှန်လိုစိတ်များ ပျောက်ပြီး ကျွန်စိတ်များ ဝင်နေမည်ဖြစ်သည်။

ထိုခေတ်ထိုအခါက ဝိုင်အမ်ဘီအေအစည်းအဝေးများတွင် ပြောဆိုဆွေးနွေးကြရာ၌ အင်္ဂလိပ်ဘာသာစကားကို သုံးနှုန်းပြောဆိုခဲ့ကြသည်။ အစဦးတွင် မြန်မာသတင်းစာများ၌ ရက်စွဲထည့်ရာတွင်ပင် မြန်မာရက်စွဲမပါဘဲ အင်္ဂလိပ်ရက်စွဲသာပါလေသည်။

မြန်မာစာကို အစိုးရကျောင်းများတွင် အရေးတယူဂရုတစိုက် သင်ပေးခြင်း မရှိခဲ့ချေ။ စာသင်ကျောင်းများတွင် မြန်မာစာကို သင်ပြရာ၌ မြန်မာဗျည်းအက္ခရာ၃၃လုံးကို အကုန်အစင်သင်ကြားပေးခြင်း မပြုဘဲ ခြောက်လုံးကို နုတ်ပယ်ထားရှိရန်ပင် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ၁၉၁၉ခုနှစ် ပုသိမ်မြို့တွင် ကျင်းပသော သတ္တမအကြိမ်မြောက် ဗုဒ္ဓဘာသာ မြန်မာအသင်းကြီး၏ အစည်းအဝေးကလည်းကောင်း၊ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ကျင်းပသော တိုင်းရင်းမြန်မာကျောင်းဆရာများ အစည်းအဝေးကြီးက လည်းကောင်း၊ တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် ကန့်ကွက်ကြသောကြောင့်သာ လက်မြှောက်အရှုံးပေးသွားရပေသည်။

အမျိုးသားကျောင်းများ၏ အကျိုးကျေးဇူးကြောင့် အထက်တန်းကျောင်းများတွင် မြန်မာစာအဆင့်အတန်း မြင့်လာသည့်နည်းတူ တက္ကသိုလ်မြန်မာစာ အဆင့်အတန်းသည်လည်းမြင့်လာသည်။

မြန်မာ စာပေပညာရှင်ကြီးများသည် မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် မြန်မာစာပေအမွေအနှစ်များကို ဆက်ခံထိန်းသိမ်း ပြုစုရင်း မြန်မာစာပေထွန်းကားပြန့်ပွားရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ မျက်မှောက်ခေတ် စာပေပညာရှင်များက မြန်မာစာပေ ရေသောက်မြစ် ပင်စည်နှင့် အကိုင်းအခက်အလက် အပွင့်အသီးများ စည်ပင်ဖွံ့ထွားလာစေရေး ဆက်လက် အားထုတ်ကြရဦးမည်။ မြန်မာစာပေ၏ အစဉ်အလာကောင်းများနှင့်အညီ ပြည်သူအားလုံး စာပေမှတစ်ဆင့် ရရှိသည့် ကောင်းမြတ်သော စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရှင်သန်ဖြစ်ထွန်းနေရန် ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် ကိုလိုနီလက်သစ် နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအား စီးပွားရေးအရ လက်ဝါးကြီးအုပ်ရန် ရည်ရွယ်လုပ်ဆောင် နေကြသည်။ လူမှုရေးအရ လွှမ်းမိုးနိုင်ရန် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ၎င်းတို့လိုလားသော အုပ်ချုပ်ရေးပုံစံ၊ အနောက်တိုင်းယဉ်ကျေးမှုဓလေ့ စရိုက်များ ပျံ့နှံ့စိမ့်ဝင်လာစေရန် ကြံစည်လုပ်ဆောင်လျက်ရှိကြောင်း တွေ့မြင်နေရသည်။ ထို့ကြောင့် **စာပေပညာရှင်များအပိုင်းက ပြည်သူများ ခေတ်နှင့် တစ်ပြေးညီ အသိအမြင် ပွင့်လင်းစေရန်၊ နိုင်ငံတကာအခြေအနေမှန်ကို မျက်ခြည်မပြတ် လေ့လာသုံးသပ်နိုင်ရန် စာပေစွမ်းပကားဖြင့် အကျိုးဆောင်ပေးရန် တာဝန်ရှိပေသည်။**

ပြည်သူတစ်ရပ်လုံး အတွေးအမြင် ကောင်းလာစေရေး၊ အတွေ့အကြုံ ရင့်ကျက်လာစေရေး၊ မျိုးချစ်စိတ်ဓာတ် ထက်သန်လာစေရေးတို့အတွက် ညွှန်ပြရေးသားကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် **ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ သွေးထိုးလုပ်ကြံဖန်တီးနှောင့်ယှက်မှုများ၊ မသမာသူတို့၏ လိမ်လည်ကောက်ကျစ် လှည့်ဖြားမှုများကို သိမြင်လာစေရန် စာပေလက်နက်ဖြင့် တုံ့ပြန်ရေးသားတင်ပြကြရမည် ဖြစ်သည်။**

စာပေသည် အမျိုးသားရေးစိတ်ဓာတ် တည်ဆောက်ရာ၌ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံဆက်စပ် လှုံ့ဆော် မြှင့်တင်နိုင်သည့် စွမ်းအားရှိသည်။ မြန်မာနိုင်ငံခေတ်အဆက်ဆက်၌ အမျိုးသားရေးလှုပ်ရှားမှုများတွင် စာပေပညာရှင်များ ရှေ့တန်းက ပါဝင်ခဲ့ကြသည်။

စာပေပညာရှင်များသည် ခေတ်မီအတွေးအခေါ်၊ နည်းပညာရပ်များကို လေ့လာဆည်းပူးပြီး ပြည်သူများအား အသိအမြင်ဗဟုသုတပိုမိုတိုးပွားစေရေး လက်ဆင့်ကမ်းဖြန့်ဝေ အသိပညာပေးနေသူများဖြစ်သည်။ ဂုဏ်သိက္ခာမြင့်မားသည့် မြန်မာ့ကျင့်ဝတ်စည်းကမ်း၊ မြန်မာ့စိတ်ထားနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး စာပေစွမ်းပကားဖြင့် ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုး ဆောင်ရွက်သွားနိုင်ကြမည်ဟု တိုက်တွန်းဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူတစ်ရပ်လုံး အတွေးအမြင် ကောင်းလာစေရေး၊ အတွေ့အကြုံ ရင့်ကျက်လာစေရေး၊ မျိုးချစ်စိတ်ဓာတ် ထက်သန်လာစေရေးတို့အတွက် ညွှန်ပြရေးသားကြရမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်၏ ပန်းတင်ခုံ၊ သံပန်းကာရန် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် (၁၃)လမ်းနေ ဦးကိုကိုကြီး၊ ဒေါ်ခင်သန်း မိသားစုက အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးဝင်းမောင်ထံ ပေးအပ်လှူဒါန်းစဉ်။
(မြင့်)

မအူပင်မြို့သာယာလှပရေးအတွက် မြို့အဝင်လမ်းမကြီး ဝဲ/ယာတွင် ဇူလိုင် ၁ရက်က မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးစိုးနိုင်ဦး(ငြိမ်း)ဦးဆောင်သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အင်ဂျင်နီယာမှူး ဦးထင်လင်းကျော် ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် အနေးယာဉ် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဦးဆောင်သော အနေးယာဉ်လုပ်သားများက ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။
(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉)မိုင် မစိုးရိမ်ကျောင်းလမ်းနေ ဦးကြိုင်-(ဒေါ်လှရီ)နှင့် ညီမဒေါ်ခင်လှနွယ်၊ညီ-ဦးသာထွန်း မိသားစုက အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်းအကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင် သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ပုဇွန်တောင်မြို့နယ်မိခင်နှင့်ကလေးအသင်း သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပုဇွန်တောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂၈ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၌ မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွား ၁၈ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်း ရောဂါများ စစ်ဆေး ကုသပေးခြင်းနှင့် ဆေးဝါးများလှူဒါန်းခဲ့ ကြောင်းသိရသည်။ **(ဝဲပုံ)**
(ကြေးမုံ)

မီးဘေးရှောင် မလောင်ခင်တား

စင်ကာပူနှင့် ဂျပန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

စင်ကာပူ ဇူလိုင် ၂၇

စင်ကာပူနှင့် ဂျပန်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ဆဌမအကြိမ် ဂျပန်-စင်ကာပူ စာတမ်းဖတ်ပွဲတွင် စင်ကာပူ နိုင်ငံခြားရေး ဒုတိယဝန်ကြီး ရေမွန်လင်းက တနင်္လာနေ့တွင် ပြောကြားသည်။

နှစ်နိုင်ငံ အကျိုးတူ စီးပွားရေး လုပ်ငန်းဆောင်ရွက်ရေးအတွက် အရှေ့အာရှရှိ ဂျပန်နိုင်ငံသည် အဓိကကျသည့် ဒေသတစ်ခုဖြစ်ကြောင်း လင်းက ပြောကြားသည်။

စင်ကာပူနိုင်ငံသည် ဂျပန်ကုမ္ပဏီများအတွက် ဒေသဆိုင်ရာ ဌာနချုပ် တည်ထောင်ရန်ဆွဲဆောင်နိုင်သည့်နေရာ ဖြစ်သည့်အပြင် အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းဒေသတို့တွင် ဈေးကွက်ချဲ့ထွင်ရေးအတွက်လည်း အရေးပါသည့် လမ်းကြောင်းဖြစ်ကြောင်း လင်းက ပြောကြားသည်။

နှစ်နိုင်ငံ ရင်ဆိုင်နေရသည့် လူမှုရေးနှင့် စီးပွားရေးစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် တစ်နိုင်ငံ၏ အတွေ့အကြုံကို တစ်နိုင်ငံက ရယူလျက် ပူးပေါင်းဆောင်ရွက်ရန် ၎င်းက အကြံပြုထားသည်။

၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံသည် စင်ကာပူနိုင်ငံ၏ ဆဌမ အကြီးဆုံး ကုန်သွယ်ဖက် နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံ နီးပါးရှိသည်။ လောလောဆယ် စင်ကာပူနိုင်ငံ၌ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဂျပန်ကုမ္ပဏီ ၁၆၀၀ ကျော်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။



ကယ်လီဖိုးနီးယား၌ အပူလှိုင်းကျရောက် သစ်တောဧက ၁၅၄၀၀ တောမီးလောင်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၇

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားဒေသတွင် စံချိန်တင်ရလောက်အောင် ပြင်းထန်သော အပူလှိုင်းကျရောက်လာချိန်တွင် ဝန်းကျင်ဒေသရှိ ဘီဗာလီဟီးလ်အရပ်တွင် ဇူလိုင် ၂၅ ရက်က တောမီးများ အကြီးအကျယ်လောင်ကျွမ်းလျက်ရှိသည့်အတွက် မီးသတ်သမားများက ကြိုးစားငြှိမ်းသတ်နေကြသည်။

ထိုအရပ်တွင် ဒေါ်လာ သန်းနှင့်ချီတန်သော အပန်းဖြေစခန်းအိမ်အများအပြား တည်ရှိသည့် ဘဲဒနစ်လျှိုအတွင်းရှိ အပန်းဖြေအိမ်တစ်လုံးမှာ မီးသင့်ခံခဲ့ရသော်လည်း နောက်ထပ်အိမ် များဆက်လက်လောင်ကျွမ်းခြင်းမရှိစေရန် မိမိတို့အခြေအနေကို ထိန်းသိမ်းနိုင်လိမ့်မည်ဟု ယူဆကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ လောလောဆယ်ရရှိသောသတင်းများအရ ထိခိုက်သေဆုံးမှု မရှိကြောင်းသိရသည်။

ယင်းတောမီးကြောင့် ယခုအခါသစ်တောမြေဧက ၁၅၄၀၀မှာ မီးလောင်ကျွမ်းခဲ့ရပြီးဖြစ်သည်။ ဆန်တီယာဂိုဒေသမှ မီးသတ်သမားများသည် အရှိန်ကောင်းကောင်းနှင့် လောင်နေသောမီးကို ကြိုးစားပမ်းစားနှိမ်နင်းနေကြသည်မှာ သုံးရက်တိုင်တိုင် ရှိခဲ့ပြီးဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆူမတြား၊ ဂျာဗားနှင့် ဘာလီကျွန်းတို့တွင် ဆူနာမီသတိပေးဖော်ယာများ တပ်ဆင်မည်

ဂျကာတာ ဇူလိုင် ၂၇

အင်ဒိုနီးရှားနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများကို သတိပေးနိုးဆော်နိုင်ရန် ဆူနာမီစနစ်များ သို့မဟုတ် ရေကြောင်းပြဖော်ယာများ တပ်ဆင်သွားမည်ဖြစ်ကြောင်း သုတေသနနှင့် နည်းပညာဌာနဝန်ကြီး ကူမာရန်တိုတာဒီမန်က ဇူလိုင် ၂၆ ရက်တွင် ပြောကြားသည်။

နှစ်ကုန်ပိုင်းမရောက်မီ ဘာလီကျွန်းရေပြင်တွင် ဆူနာမီအချက်ပြ ဖော်ယာနှစ်လုံး၊ ဆုမတြားကျွန်းအနောက်ဘက်ရေပြင်တွင် တစ်လုံးနှင့် ဂျာဗားကျွန်းတောင်ဘက်ရေပြင်တွင် နှစ်လုံးတပ်ဆင်မည် ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

အစောပိုင်းကာလက ဂျာမနီနှင့် မလေးရှားနိုင်ငံတို့ပူးပေါင်း၍ ဆူမတြားကျွန်းရေပြင်တွင် ဖော်ယာသုံးလုံး တပ်ဆင်ထားကြောင်း၊အနာဂတ်ကာလတွင် အဆိုပါဖော်ယာများကို အင်ဒိုနီးရှားနိုင်ငံ၌ပင် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကီလိုမီတာ ၁၂၀၀ အရှည်ရှိသော အင်ဒိုနီးရှားနိုင်ငံ ကမ်းခြေတစ်လျှောက်တွင် အမှန်တကယ် လိုအပ်သောဖော်ယာမှာအလုံးပေါင်း၁၂၀ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

ကျွန်းစုနိုင်ငံဖြစ်သောအင်ဒိုနီးရှားနိုင်ငံတွင် ဖော်ယာများ ချထားရမည့်နေရာကို ရွေးချယ်သတ်မှတ်သွားမည်ဖြစ်ကြောင်း၊တပ်ဆင်စရိတ်နှင့် ဖော်ယာတန်ဖိုးတို့မှာ တန်ဖိုး ကြီးမားလှသည့်အတွက် ရွေးချယ်တပ်ဆင်ခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမှန်တကယ်အားဖြင့် ၁၀ ကီလိုမီတာ အကွာလျှင် ဖော်ယာတစ်လုံးကျ တပ်ဆင်ထားရန် ဖြစ်သော်လည်း ယခုအခါ ကုန်ကျစရိတ်ကြီးမားသဖြင့် ဆူနာမီသတိပေးချက် သိရှိနိုင်ရန်သာ ဖော်ယာများကို တပ်ဆင်မည်ဖြစ်ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဆူနာမီသတိပေး ဖော်ယာ တပ်ဆင်ရန် ပြင်ဆင်သည်ကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပသည့် နိုင်ငံတကာ မော်တော်ကားပြပွဲတွင် ပြသထားသော ကားတစ်စီးကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ ငါးဖမ်းရေယာဉ်တစ်စင်း တိမ်းမှောက် ခုနစ်ဦးကယ်ဆယ်နိုင်ပြီး ၁၀ ဦး ပျောက်ဆုံးနေ

အစ္စလမ္မာဘတ် ဇူလိုင် ၂၇

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ကရာချိမြို့မှ ကမ်းလွန်ပင်လယ်ပြင် ရေမိုင်ငါးမိုင်အကွာတွင် ဇူလိုင် ၂၅ ရက်က ငါးဖမ်း မော်တော်ဘုတ်တစ်စင်း နစ်မြုပ်ရာ ငါးဖမ်းသမား ခုနစ်ဦးကို ကယ်ဆယ်နိုင်ပြီး ၁၀ ဦး ပျောက်ဆုံးနေကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

အော-တဟီရာအမည်ရှိ မော်တော်ဘုတ်နှင့်အတူ ငါးဖမ်းသမား ၁၇ ဦးသည် ဇူလိုင် ၂၄ ရက်က ပင်လယ်ပြင်သို့ ထွက်ခွာခဲ့ကြောင်း၊ သို့ရာတွင် ပင်လယ်ပြင် ရေမိုင်ငါးမိုင်အကွာရှိချိုတာတောဟာအငူအနီးတွင် ၎င်းမော်တော်ဘုတ် တိမ်းမှောက်သွားကြောင်း ပုဂ္ဂလိကပိုင် ဂျီအိုရုပ်မြင်သံကြားဌာနက သတင်းဖော်ပြသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် အင်္ဂါနေ့နံနက်ပိုင်းတွင်ရမ်မန်ဂိုဟ်ကမ်းခြေအနီးတွင်သတိမေ့လုနီးပါးဖြစ်နေသောငါးဖမ်းသမားနှစ်ဦး တွေ့ရှိခဲ့သည်။ ၎င်းတို့နှစ်ဦး၏ ပြောကြားချက်အရ မော်တော်ဘုတ်တိမ်းမှောက်ကြောင်းသိရသည်။

အဆိုပါသတင်းရရှိပြီးနောက်ပါကစ္စတန်ရေကြောင်း သွားလာမှုလုံခြုံရေးဌာနနှင့်ရေတပ်ဖွဲ့ဝင်များသည် ရဟတ်ယာဉ်တစ်စင်းနှင့် သင်္ဘောငယ် တစ်စင်းတို့ဖြင့် ပျောက်ဆုံးနေသူများကို ရှာဖွေခဲ့ကြကြောင်း သိရသည်။

၎င်းတို့သည် နာသီဂါလီကမ်းခြေအနီး ပင်လယ်ထဲတွင် ကူးခတ်နေသောငါးဖမ်းသမားငါးဦးကိုတွေ့ရှိပြီးကယ်ဆယ်ရေးသမားများက ကယ်ဆယ်ခဲ့ကြောင်း ဂျီအိုရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပသည့် ပြပွဲတွင် ပြသထားသော လူပုံစက်ရုပ် တစ်ရုပ်ကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ် မြို့ကြီးအားလုံးတွင် ၂၀၁၀ပြည့်နှစ်မတိုင်မီ ရေဆိုးသန့်စင်စက်ရုံများ တည်ဆောက်မည်

ပေကျင်း ဇူလိုင် ၂၇

တရုတ်နိုင်ငံရှိ မြို့များအားလုံးတွင် ၂၀၁၀ပြည့်နှစ်မတိုင်မီ ရေဆိုးသန့်စင်စက်ရုံများ တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ မြို့ပြမှ အညစ်အကြေးများအား ပတ်ဝန်းကျင်သို့ မစွန့်ပစ်မီ ၇၀ ရာခိုင်နှုန်းကို သန့်စင်ပေးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျူပေါင်စင်က ပြောကြားသည်။

တရုတ်နိုင်ငံမြို့ကြီး ၃၈၃ မြို့တွင် ရေဆိုးသန့်စင်စက်ရုံ ၇၉၁ ရုံရှိသည်ဟု ပြီးခဲ့သော ရက်သတ္တပတ်က ကျင်းပပြုလုပ်သည့် ရေညစ်ညမ်းမှုထိန်းသိမ်းရေး အစည်းအဝေးတွင် ကျူက ပြောကြားသည်။

သန့်စင်မှုပြုလုပ်

တရုတ်နိုင်ငံတွင် မြို့ပြဒေသတွင် ၂၀၀၀ပြည့်နှစ်က ရေဆိုးသန့်စင်မှုကို ၁၈ ရာခိုင်နှုန်းကျော်သာ သန့်စင်မှုပြုလုပ်နိုင်ခဲ့ရာမှ ယခုအခါ ၅၂ ရာခိုင်နှုန်းကျော်အထိ သန့်စင်မှုပြုလုပ်နိုင်ပြီဖြစ်ကြောင်းကျူက ဆင်ဟွာသတင်းဌာနသို့ ဇူလိုင် ၂၅ ရက်တွင်ပြောကြားသည်။

မြို့ကြီး ၁၃၅ မြို့တွင် ရေဆိုးများကို ၇၀ ရာခိုင်နှုန်းကိုဖယ်ရှားသန့်စင်လျက်ရှိသည်။

တရုတ်နိုင်ငံတွင် ရေသန့်စင်မှုအခြေအနေမှာ ယခုတိုင် ဆိုးရွားနေဆဲ ဖြစ်ကြောင်း၊ မြို့ကြီး ၂၇၈ မြို့တွင် ယခုအချိန်အထိ ရေဆိုးသန့်စင်မှုစက်ရုံများ မတည်ဆောက်နိုင်သေးကြောင်း၊ လည်ပတ်နေသော စက်ရုံအများစုမှာလည်း ရေဆိုးသန့်စင်နိုင်စွမ်းနည်းပါးနေကြောင်း၊ အချို့စက်ရုံမှာ လည်ပတ်နိုင်မှုပင် မရှိကြောင်း ၎င်းက ပြောကြားသည်။

ရေဆိုးညစ်ညမ်းမှုကို သန့်စင်အောင် ဆောင်ရွက်ရန် မြို့ပြရေညစ်ညမ်းမှု ထိန်းချုပ်ရေး စီမံကိန်းကို စည်ပင်သာယာရေး အာဏာပိုင်များက ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ရေဆိုးသန့်စင်မှု စက်ရုံတည်ဆောက်ရန် ဗဟိုအစိုးရက ငွေကြေးကူညီခြင်း၊ ရေဆိုး စုဆောင်းခြင်းစနစ်ကို ဒေသအလိုက် တာဝန်ယူ ဆောင်ရွက်ခြင်း ပြုလုပ်ရန်လိုအပ်ကြောင်းမြို့ပြတည်ဆောက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ကျန်းယွေက ပြောကြားသည်။

ရေဆိုးညစ်ညမ်းမှု သန့်စင်ရေးစနစ် တည်ဆောက်ရန် အစိုးရက ရန်ပုံငွေ ပိုမိုသုံးစွဲသင့်ကြောင်း ကျူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ အပစ်အခတ်အမြန်ဆုံးရပ်စဲရန် ကုလအတွင်းရေးမှူးချုပ် ကိုဖီအာနန် တိုက်တွန်း

ရောမ ဇူလိုင် ၂၇

လက်ဘနွန်နိုင်ငံတွင် တိုက်ခိုက်နေသော အစ္စရေးတပ်ဖွဲ့များနှင့် ဟစ်ဇ်ဘိုလာပြောက်ကျားများအနေဖြင့် ၎င်းတို့အကြားဖြစ်ပွားနေသော ပစ်ခတ်မှုများကို နှစ်ဖက်စလုံးက ချက်ချင်းရပ်စဲပေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဇူလိုင် ၂၆ရက်တွင် တိုက်တွန်းခဲ့သည်။

ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း တိုက်ခိုက်မှုများ ရပ်စဲရန် ချက်ချင်းတောင်းဆိုခဲ့ကြောင်း ၎င်းက တစ်ဆက်တည်းပြောကြားလိုက်သည်။

လက်ဘနွန်တွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများမှာ ၁၅ရက်ကျော်လာပြီဖြစ်၍ ထိုပြဿနာကို အမြန်ဆုံး ရပ်စဲသွားစေမည့် အရှေ့အလယ်ပိုင်းဒေသကြီးကို လွှမ်းခြုံနိုင်သော ငြိမ်းချမ်းရေးတစ်ရပ် ချမှတ်လုပ်ဆောင်သွားသင့်ကြောင်း ကိုဖီအာနန်က ရောမမြို့ ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

တက်ရောက်

အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပပြုလုပ်သော အရှေ့အလယ်ပိုင်းဆိုင်ရာ ပြဿနာဖြေရှင်းရေး အစည်းအဝေးသို့ အမေရိကန်၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပတိုက်နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ယင်းသို့တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ပြောကြား

ဟစ်ဇ်ဘိုလာအဖွဲ့ကလည်း အစ္စရေးပြည်သူများကို တိုက်ခိုက်နေခြင်းမှ ရပ်စဲပေးရန် လိုသကဲ့သို့ အစ္စရေးကလည်း လက်ဘနွန်နိုင်ငံအပေါ် ဗုံးကြဲနေမှု၊ ပိတ်ဆို့မှုနှင့် မြေပြင်ထိုးစစ်များ ဆင်နွှဲမှုကို ရပ်စဲပေးရန်လိုသည်ဟု ကိုဖီအာနန်က ရောမအစည်းအဝေးတွင် ပြောကြားသည်။

လက်ဘနွန်နိုင်ငံ၏ နယ်စပ်များ လုံခြုံရေး၊ နိုင်ငံ၏ နယ်မြေများကို အာဏာပိုင်များက ထိန်းချုပ်နိုင်ရေး ကြိုးပမ်းရာတွင် အပြည်ပြည်ဆိုင်ရာ တပ်ဖွဲ့များ ချထားဆောင်ရွက်ခြင်းက အထောက်အကူဖြစ်နိုင်စရာရှိကြောင်း ၎င်းက တစ်ဆက်တည်းပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

လက်ဘနွန်နိုင်ငံ တောင်ပိုင်း ကဖာကျော့ဖ်ကျေးရွာတွင် အစ္စရေး၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံအချို့ကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျပန်နိုင်ငံ မီနာမီဆိုမာဒေသ၌ မြင်းစီးပြိုင်ပွဲ ကျင်းပနေသည်ကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



အစ္စရေးနှင့် လက်ဘနွန်တွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

ဘေရွတ် ဇူလိုင် ၂၇

လက်ဘနွန်နိုင်ငံအတွင်းသို့ အစ္စရေးတို့က ၁၇ရက်ကျော်ကြာအောင် ထိုးစစ်များ အလုံးအရင်းနှင့် ဆင်နွှဲနေသည့်အတွက် လက်ဘနွန်အရပ်သူ၊အရပ်သား ၆၀၀ခန့်တို့ အသက်ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီး မိုဟာမက်ဂျဝဒ်ခါလစ်က ဇူလိုင် ၂၇ရက်တွင် ပြောကြားသည်။

လက်ဘနွန်နိုင်ငံတစ်ဝန်းရှိ ဆေးရုံများသို့ အလောင်း ၄၀၀ခန့်မျှ ရောက်ရှိလာပြီး အဆောက်အအုံ အပြိုအပျက်များအောက်တွင် ပိနေသူဦးရေမှာ ၁၅၀မှ ၂၀၀အထိရှိမည်ဟု ခန့်မှန်းကြောင်း ခါလစ်က ပြောကြားသည်။

ပေါက်ကွဲ

အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဇူလိုင် ၂၇ရက် မွန်းလွဲပိုင်းအချိန်က ဟစ်ဇ်ဘိုလာတို့ ပစ်ခတ်သည်ဆိုသော ဒုံးကျည် ၂၅လုံးခန့် ကျရောက်ပေါက်ကွဲရာ အစ္စရေး ၁၀ဦး အနည်းငယ်စီဒဏ်ရာရရှိသွားကြောင်း ဂျေရုဆလင်မြို့မှလာသော သတင်းများအရ သိရသည်။

ယင်းဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ကာယတ်ရှမိုနာ၊ ကမီးလ်၊ နာဟားရီယားနှင့် ရို့ရှ်ပီနာအရပ်များတွင် အဆောက်အအုံအချို့ ပျက်စီးကာ မော်တော်ယာဉ်နှစ်စီးမီးလောင်ပြီး လူ ၁၀ဦးဒဏ်ရာရခဲ့သည်။ အဆိုပါပစ်ခတ်မှုကြောင့် ဆပ်ပြာမှုန့်စက်ရုံတစ်ရုံလည်း မီးစွဲလောင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဖမ်ဘီယာတောင်ပိုင်းတွင် ဆင်နှင့် ရေမြင်းများ သောင်းကျန်းနေ

လူဆာကာ ဇူလိုင် ၂၇

ဖမ်ဘီယာနိုင်ငံ တောင်ပိုင်းပြည်နယ် စင်ဗိုဂါခရိုင်ရှိ နမွန်ဘာအရပ်တွင် ရွာသားများသည် ဆင်များနှင့် ရေမြင်းများ သောင်းကျန်းမှု အန္တရာယ်ကို ကြောက်လန့်နေကြကြောင်း ဖမ်ဘီယာသတင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ထိုဒေသတွင် နေထိုင်သော ရွာသားများသည် တောရိုင်းသတ္တဝါများကို ကြောက်လန့်ကာ ရက်သတ္တပတ်အကုန်တွင် ယင်းဒေသမှ ထွက်ခွာသွားကြောင်း ရွာလူကြီး ဘွန်းဖေ့မူလိုပါ၏ ပြောကြားချက်ကို ၎င်းသတင်းဌာနက ကိုးကားတင်ပြသည်။

ဆင်များသည် လယ်သမားများ သိုလှောင်ထားသော အစားအစာများကိုပါ ဖျက်ဆီးပစ်ကြောင်း ရွာလူကြီးမူလိုပါက ပြောကြားသည်။

ထိုဆင်များသည် ဇင်ဘာဘွေနိုင်ငံမှ တစ်ဆင့် ဖမ်ဘီယာအထိ ရောက်ရှိလာပြီး အစာများကို ရှာဖွေကြောင်း ၎င်းကဆိုသည်။ အဆိုပါဆင်များကို ညနေပိုင်း ၅နာရီမှာပင် ရွာအနီးဝန်းကျင်တွင် တွေ့မြင်ရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တောရိုင်းသတ္တဝါများ တိုက်ခိုက်မှု မခံရစေရန် ရွာသားများသည် ယခုအခါတွင် ၎င်းတို့၏ အိမ်များကို ညနေ ၆နာရီမှစ၍ ပိတ်ထားကြောင်း သိရသည်။

ရွာသားနှစ်ဦးသည် ယခင်သီတင်းပတ်က လှေငယ်တစ်စင်းဖြင့် ဇန်ဘီဇီမြစ်အတွင်း ငါးဖမ်းထွက်လာစဉ် ရေမြင်းတစ်ကောင်၏ တိုက်ခိုက်မှုကို ခံရပြီး ဒဏ်ရာများရရှိသွားကြောင်း မူလိုပါက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စပိန်တွင် အပူလှိုင်းကျရောက် လူရှစ်ဦးသေဆုံး

မဒရစ် ဇူလိုင် ၂၇

စပိန်နိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် လူရှစ်ဦး သေဆုံးကြောင်း စပိန်နိုင်ငံ ကျန်းမာရေးဝန်ကြီး အီတလီနာဆာလာဂါဒိုက ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

စပိန်နိုင်ငံ နေရာအနှံ့အပြားတွင် အပူချိန် ၄၀ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ တက်ခဲ့သည်။ အပူချိန်ပြင်းထန်စွာ ကျရောက်ချိန်တွင် ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်ကြရန် အရိပ်အာဝါသရှိသောနေရာများတွင် နေထိုင်ရန်၊ အရောင်ဖျော့သော အဝတ်အထည် ဝတ်ဆင်ကြရန်၊ ရေများများ သောက်ရန်၊ အစာကြေလွယ်သော အစားအစာတို့ကို စားသုံးရန်နှင့် လေ့ကျင့်ခန်းလှုပ်ရှားမှုကို ပြင်းထန်စွာ မပြုလုပ်ရန် နှိုးဆော်စာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂရိနိုင်ငံ အေသင်မြို့တောင်ဘက် လာဗရီအရပ်တွင် တောမီးလောင်လျက်ရှိရာ လေယာဉ်ဖြင့် ငြိမ်းသတ်နေသည်ကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြည်ပသို့ အီသနောတင်ပို့မှု အင်ဒိုနီးရှားအစိုးရ ပိတ်ပင်မည်

ဂျကာတာ ဇူလိုင် ၂၇

အင်ဒိုနီးရှားနိုင်ငံတွင် ဇီဝလောင်စာထုတ်လုပ်မှု ကျယ်ပြန့်လာခြင်းနှင့်အတူ ပြည်တွင်း လိုအပ်ချက်ကြီးထွားလာသော အီသနောကို ပြည်ပသို့တင်ပို့ခြင်းမပြုရန် တားမြစ်မည်ဖြစ်ကြောင်း အထက်တန်းအရာရှိတစ်ဦးက ဇူလိုင် ၂၅ တွင် ပြောကြားသည်။

သစ်တောရေးရာ ဝန်ကြီးနှင့် ကုန်သွယ်ရေးဝန်ကြီးတို့အား ပြည်ပသို့ အီသနောတင်ပို့မှုကို ပိတ်ပင်ရန် စက်မှုဝန်ကြီး ဖာမ်မီအီဒီရစ်က အကြံပေးတင်ပြခဲ့ကြောင်း သိရသည်။

ဇီဝလောင်စာထုတ်လုပ်ရန် အီသနောလိုအပ်သည့်အတွက် ပြည်ပသို့ တင်ပို့ခြင်းကို ကန့်သတ်သင့်ကြောင်း အင်ဒိုနီးရှားစက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းက ပြုလုပ်သော ဆွေးနွေးပွဲတွင် ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်လျှင် အီသနော လီတာ သန်းပေါင်း ၁၇၀ ထုတ်လုပ်လျက်ရှိသည်။

အစိုးရက အီသနော ရောင်းချပေးမှု၏ ၈၄ ရာခိုင်နှုန်းမှာ ပြည်တွင်းဈေးကွက်၌ ရောင်းချခြင်းဖြစ်သည်။ အဖျော်ယမကာ ထုတ်လုပ်ရေးနှင့် ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အရေးကြီးသော ကုန်ကြမ်းပစ္စည်းဖြစ်ကြောင်း သိရသည်။

ဇီဝလောင်စာ ထုတ်လုပ်မှုနည်းသစ်ပေါ်ပေါက်လာခြင်းကြောင့် အနာဂတ်တွင် အီသနော ပိုမိုလိုအပ်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာ ဘရုစ်ဘာရင်တန်က နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသဖွံ့ဖြိုးရေး အလှူရှင်များအားဂုဏ်ပြု အလှူငွေများလှူဒါန်း

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေး အလှူရှင်များအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသဖွံ့ဖြိုးရေးအလှူရှင်များ တက်ရောက်ကြသည်။

ရှေ့ဦးစွာ တိုင်းမှူးက ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအသီးသီးအတွက် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများနှင့် စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၀၆ ခုနှစ် မတိုင်မီဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသော စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒေသဖွံ့ဖြိုးရေးအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်) မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်းနှင့် ဒေါ်အေးအေးမြင့် မိသားစုက ငွေကျပ် ၇၂ သိန်း၊ ဒေင်အုပ်စုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်က ငွေကျပ် သိန်း ၅၀၊ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ ဦးထွန်းမြင့်နိုင်က ငွေကျပ်သိန်း ၃၀၊ TKW Co.,Ltd မှ ဦးထွန်းထွန်းစိန်၊ ရပ်စောက်မြို့မှ သစ်လုပ်ငန်းရှင် ဦးစိန်သန်းဦး၊ Century Dragon Co., Ltd. မှ ဦးစိုင်းထွန်းမြတ်နှင့် Ten Ways International Co., Ltd. မှ ဦးအောင်ကျော်ဝင်းတို့က ငွေကျပ် သိန်း ၂၀စီ၊ ရှမ်းအာကာမင်း ကုမ္ပဏီလီမိတက်မှ ဦးခင်မောင်မြင့်က ငွေကျပ် ၁၅ သိန်း၊ ငွေဆင်ကုမ္ပဏီမှ ဦးစိုးမြင့်၊ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီ၊ မိုင်းတုံ ဦးစောနိုင်၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်း၊ ရှမ်းပြည်နယ်ကုန်တင်၊ ခရီးသည်တင်ယာဉ်လိုင်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနှင့် မြန်မာ့ဝင်းစတားကုမ္ပဏီ တို့က ငွေကျပ် ၁၀ သိန်းစီ၊ အားကစားကွင်းပတ်လည်ဆိုင်ခန်း၊ တိုက်ခန်းများက ငွေကျပ် ခုနစ်သိန်းကိုးသောင်း၊ တောင်ကြီးမြို့နယ် စည်ပင်သာယာရေး လုပ်ငန်းရှင်များက ငွေကျပ် ခုနစ်သိန်း ငါးသောင်း၊ ဦးစိုင်းစံဖေ ကလောမြို့နယ် စည်ပင် သာယာရေးလုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ် ဆန်ကုန်သည်ကြီးများအသင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုင်းထွန်းရင်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ချိုချိုခိုင်နှင့် ဦးအေးကျော်(အေကေ) ရောင်းဝယ်ရေးတို့က ငွေကျပ်ငါးသိန်းစီ၊ မြန်မာအာကာ ကုမ္ပဏီမှ ဒေါ်ဇင်သက် သက်ကျော်၊ ရွှေသံလွင်ကုမ္ပဏီ၊ တောင်ကြီးမြို့ပေါ်ရှိ ဆေးဆိုင်များနှင့် ဦးကောင်းမြတ်ကြွယ်တို့က ငွေကျပ်သုံးသိန်းစီ၊ အောင်ဖြိုး မိုင်းရှူးကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ ညောင်ရွှေမြို့နယ် စည်ပင်သာယာရေး လုပ်ငန်းရှင်များက ငွေကျပ်နှစ်သိန်း ခုနစ်သောင်း၊ ဇာဇာမိုးကုမ္ပဏီမှ ဦးမိုးဝေ၊ လွိုင်ခုံးကုမ္ပဏီ၊ တောင်ကြီးမြို့ပေါ်ရှိ စက်သုံးဆီဆိုင်များ၊ စိန်အထူးကုဆေးခန်း၊ ဆရာရိုင်း(နမ့်စန်)နှင့် ထွန်းအထူးကု ဆေးခန်းတို့က ငွေကျပ် နှစ်သိန်းစီ၊ ပတ္တမြားအထူးကုဆေးခန်း၊ မန္တလာအထူးကုဆေးခန်း၊ ကမ္ဘောဇ အထူးကုဆေးခန်း၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့နှင့် ဦးစံလင်း(သစ်စက်)တို့က ငွေကျပ် တစ်သိန်းစီ၊ သူရစောသိန်းကုမ္ပဏီမှ ဦးသူရစောသိန်း၊ ဦးရှိန်နှင့် ဦးလွှာ၊ ဒေါ်တဲတို့က ငွေကျပ် ငါးသောင်းစီ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ဒေသဖွံ့ဖြိုးရေး အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါ ဂုဏ်ပြုပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးအတွက် စေတနာရှင်အလှူရှင်များက စုစုပေါင်း ငွေကျပ် ၅၀၂ ဒသမ ၆ သိန်းကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေး အလှူရှင်များအား ဂုဏ်ပြုပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

၂၀၀၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီး အေးဖေ၊ ရေတပ်သင်္ဘောကျင်း ဌာနချုပ်မှ ဗိုလ်မှူးချုပ်ဟံစိန်၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်နှင့် ရန်ကုန်တပ်နယ်၊ သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိစစ်သည်များ တက်ရောက်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ၂၀၀၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ တောင်ငူ၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် တောင်ငူတပ်နယ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ခုံ(၁)မှ ရွှေ့ကွက်ကို စတင်ရွှေ့ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါဖွင့်ပွဲသို့ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲကို အကြီးတန်း၊ လူသစ်တန်းနှင့် အမြန်ရွှေ့ဟူ၍ ခွဲခြားကျင်းပ၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကွပ်ကဲမှုအောက်ရှိ တပ်၊ဌာနချုပ်များမှ အသင်းခုနစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲကို ယနေ့အထိ ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ် တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်များကို ရွေးရှုလုပ်ဆောင်နေ NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာ၍ ဘိုကလေးမြို့နယ် NLD ပါတီဝင် ၂၆ ဦး နုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၈

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ခနဲ့ချောင်း သစ်ဖြူရွာမှ ဦးသိန်းရွှေသည် ဇူလိုင် ၁၁ ရက်နေ့တွင်လည်းကောင်း၊ မြို့သစ်မှ ဦးထွန်းရှိန်၊ ခနဲ့ချောင်းသစ်ဖြူရွာမှ ဦးအောင်ရွှေ၊ မိချောင်းသိုက်ရွာမှ ဦးသောင်းမြင့်၊ ပန်းပဲစုရွာမှ ဦးဌေးဝင်း၊ ဦးဇော်နိုင်ဦး(ခ)ဇော်ဦး၊ ဦးရဲနိုင်၊ ဦးဖိုးကြည်လွင်၊ ဦးကျော်ငြိမ်း၊ ဦးနေလင်းဦး၊ ဒေါ်ညို၊ ကံကြီးရွာမှ ဦးတင်လှိုင်၊ ဦးခင်မောင်ထွန်း၊ ဦးချစ်ထွန်း၊ ဦးစိုးဝင်းနိုင်၊ ဦးစိန်ထွန်း၊ ဦးကျော်ယုတို့သည် ဇူလိုင် ၁၄ ရက်တွင်လည်းကောင်း၊ ပျဉ်းမကုန်းရွာမှ ဦးကျော်ဝင်း၊ ဦးစောဝင်း၊ ဦးမြင့်စိုး၊ ဦးမြင့်သန်း၊ ဦးအောင်မိုး၊ ကွန်းယာကမ်းလေးရွာမှ ဦးစု(ခ)တင်အုန်း၊စံကင်းရွာမှ ဦးသန်းဇော်(ခ)ထွန်းဇော်၊ လေးအိမ်တန်းရွာမှ ဦးသာအေး(ခ)တင်အေး၊ ဦးသန်းနိုင်တို့သည် ဇူလိုင် ၁၅ ရက်တွင် လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ ပါတီဝင် ၂၆ ဦးတို့၏ နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေး သန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်များကိုသာ ရွေးရှုလုပ်ဆောင်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာပြီး NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ဆန်စပါးစိုက်ပျိုးမှုအတွက် ရေနှင့်မြေအရင်းအမြစ်များ တိုးတက်ရရှိအောင်ရှာကြံ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဝင်ငွေရရှိရေးဖြစ်ထွန်းစေမည့် နှစ်ရှည်ပင်များစိုက်ပျိုး ဌာနဆိုင်ရာများသည် ဒေသနှင့်ကိုက်ညီသောသီးနှံ၊ ဒေသအကျိုးဖြစ်ထွန်းစေမည့် အကြံဉာဏ်များရှာဖွေကြံဆ

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အမှတ်(၂) ပေါက်တံတား (ရေပြာ) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၈

ချင်းပြည်နယ် ကန်ပက်လက်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ကန်ပက်လက်မြို့ ကန်ပက်လက်-ဆော ကားလမ်းဘေးရှိ ကန်ပက်လက်မြို့နယ်မှ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူဧက ၅၀ စံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်-ဆောလမ်းအတိုင်း ဆောမြို့သို့ ထွက်ခွာကြပြီး ဆောမြို့ရှိ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ မြို့နယ်ဆရာဝန် ဒေါက်တာတင့်ဆွေနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဆော-ကျောက်ထုလမ်း မိုင်တိုင်အမှတ် (၂၃/၀)ရှိ အညာကတင်းကျေးရွာ၌ မနောသုခမိုးစပါး ၂၈၅ ဧကအား တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ မိုင်တိုင် အမှတ်(၁၃/၄)ရှိ ကျောက်စစ်ကျေးရွာ၏ ခြံစည်းရိုးကြက်ဆူ ၂၅ ဧက စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ တောင်တက်ကျေးရွာအုပ်စု၌ ရေရှင်ရေလွှဲဆည်ရေသောက် မနောသုခ မိုးစပါးစိုက်ခင်းကိုလည်းကောင်း၊ ရေရှင်ကျေးရွာအုပ်စု၏ ခြံစည်းရိုးကြက်ဆူသုံးဧက စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကျောက်ထု-ပေါက်လမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ ဆောမြို့နယ် သန်းဥချောက်ရိုးပေါ်ရှိ သန်းဥချောက်ရေလှောင်တမံတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မကွေးတိုင်းဆည်မြောင်းဦးစီးဌာန တိုင်းညွှန်ကြားရေးမှူး ဦးနေဒေါင်းက သန်းဥချောက် ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့် စိုက်ပျိုးရေပေးဝေဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆည်ရေသောက်ဧရိယာ ပိုမိုတိုးတက်ရရှိရေး၊ လယ်မြေဧက တိုးတက်ရေးနှင့် တည်င်း၊ ထောပတ် စသော နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးကြရန်မှာကြားပြီး တမံမြေဖို့ခြင်းလုပ်ငန်းနှင့် ကျောက်စီခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူ-ကျောက်ထုလမ်းအတိုင်း ကျောက်ထုမြို့သို့ရောက်ရှိကြပြီး ကျောက်ထုမြို့ရှိ ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ဒေါက်တာဇော်လင်းက လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လိုက်လံပြသရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးတို့က ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား ကျန်းမာရေးအခြေအနေများ မေးမြန်း၍ အားပေးစကားပြောကြားကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ထုမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးကြပြီးနောက် ကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဂန့်ဂေါခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ခရိုင်နှင့် မြို့နယ်အဆင့်မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်နှင့် ခရိုင်ချင်းဆက်စပ်လျက်ရှိသော ဂန့်ဂေါခရိုင်အနေဖြင့် ဆန်စပါးစိုက်ပျိုးမှုအတွက် ရေနှင့်မြေ အရင်းအမြစ်များ တိုးတက်ရရှိအောင် ရှာကြံ၍ စပါးစိုက်ပျိုးမှုကို ပိုမိုတိုးချဲ့ကာ ပခုက္ကူခရိုင်အတွက် အထောက်အပံ့ဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့အတူ ခရိုင်အတွင်း၌ နှစ်ရှည်သီးနှံပင်ဖြစ်သော တည်င်း၊ သရက်၊ ပိန္နဲနှင့် ထောပတ်ပင်များကို စိုက်ပျိုးသွားကြရန် ယခင်ကပင် သတ်မှတ်ထားပြီးဖြစ်ရာ ဒေသ၏စိမ်းလန်းစိုပြည်ရေးနှင့် ဝင်ငွေရရှိရေးကို ဖြစ်ထွန်းစေမည့် အဆိုပါ နှစ်ရှည်ပင်များကို မဖြစ်မနေ စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများသည် ဒေသနေပြည်သူတို့အတွက် စံပြဖြစ်အောင် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးသီးနှံများ၊ ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည့် အကြံဉာဏ်များကို ရှာဖွေကြံဆ၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းလယ်တောရေလွှဲဆည်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မင်းလယ်တောရေလွှဲဆည်မှ ပန်ဆန်၊ နသိုးနှင့်ငလွန်းကျေးရွာများရှိ လယ်မြေ ၉၃၅ ဧကတို့အား ဆည်ရေပေးဝေလျက်ရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းလယ်တောရေလွှဲဆည်နှင့် ရေပေးမြောင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ အခက်အခဲမရှိတော့၍ မင်းလယ်တောရေလွှဲဆည်မှရေဖြင့် စပါးဧကတိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းလယ်တောရေလွှဲဆည်မှရေဖြင့် စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ပျိုးမှု၊ မိုးစပါးများပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပေါက်မြို့နယ်၊ ဆူးပုတ်ခုံကျေးရွာအနီးရှိ ကျောရေလွှဲဆည် ရေပေးတူးမြောင်းအဆင့် (၄)သို့ ရောက်ရှိကြရာ ပခုက္ကူခရိုင် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးဝင်းက ကျောရေလွှဲဆည် အဆင့် (၄)ဆင့်မှ စုစုပေါင်း လယ်မြေဧက ၃၀၀ အား ဆည်ရေပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပခုက္ကူခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးနှင့် ပေါက်မြို့နယ် ဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဒေသတွင်း၌ ဆည်ရေဖြင့် စပါးစိုက်ဧက တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ပေါက်မြို့နယ်၏ မိုးစပါးစိုက်ပျိုးမှုတွင် ရေရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် တိုးချဲ့ဆောင်ရွက်ခဲ့သဖြင့် ၂၀၀၅-၂၀၀၆ခုနှစ်၌ မိုးစပါး ၁၄၄၈၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပေါက်မြို့သို့ရောက်ရှိကြပြီး ပေါက်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိကြရာဆိုင်တာဝန်ခံ ဦးမျိုးမြင့်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ရွှေပေါက်ပင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်ကို ဆန်ဖူလုံမှုရှိလာစေရန်အတွက် စပါးစိုက်ပျိုးမှုတွင် အဓိကလိုအပ်သော စိုက်ပျိုးရေ ဖူလုံစွာရရှိရန် ယောချောင်း၊ ကျောချောင်းများ၌ ရေလွှဲဆည်များ၊ ဆည်ကန်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့်ရရှိသောရေအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချ၍ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ပြီး နှစ်ရှည်သီးနှံများကိုလည်း စိုက်ပျိုးကြရန်လိုကြောင်း၊ ထို့အတူ မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့နယ်ရှိ ကျောင်းများအတွက် ကျောင်းသုံးစာအုပ်များနှင့် ကျောင်းဝတ်စုံများကို ပေါက်မြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းထွန်းထံသို့လည်းကောင်း၊ သတင်းစာနှင့်ဂျာနယ်မျိုးစုံတို့ကို ပေါက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်စိုးဝင်းထံသို့လည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပေါက်-ပခုက္ကူလမ်းရှိ အမှတ်(၂) ပေါက်တံတား(ရေပြာ) ကို ရောက်ရှိကြရာ တံတားနှင့်ရေစီးဆင်းမှု၊ ရေထိန်းနံရံများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အမှတ်(၂) ပေါက်တံတား (ရေပြာ) တည်ဆောက်ရေး ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၃)မှ အင်ဂျင်နီယာမှူး (မြို့ပြ)ဦးမြင့်လွင်က တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်က ဒေသအတွင်း ဖွံ့ဖြိုးရေး လမ်းဖောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတားရေရှည်ခိုင်ခံ့ရန် ချောင်းရေစီး၌ ရေမျောခံအဖြစ် တည်ဆောက်ထားသည့် သစ်တိုင်များခိုင်ခံ့မှုရှိရေး၊ ချောင်းရေစီးတိုက်စားမှုခံနိုင်ရန် လိုအပ်သည့်နေရာတွင် ကျောက်စီနံရံများပြုလုပ်ရေး မှာကြားသည်။

အဆိုပါ အမှတ်(၂) ပေါက်တံတား (ရေပြာ)ကို ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်းပေါ်၌ ယောချောင်းနှင့် ကျောချောင်းတို့ကို ဖြတ်သန်းတည်ဆောက်ထားပြီး အရှည်ပေ ၂၄၉၀ ရှိ တစ်လွှာတစ်ထပ် ဘေလီတံတားဖြစ်သည်။ တံတား၏ ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၅၅ပေရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပေါက်မြို့နယ်၊ ရေပြာကျေးရွာရှိ ရေပြာမြစ်ရေတင်စခန်းသို့ရောက်ရှိရာ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက ရေပြာရေတင်လုပ်ငန်း၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေပေးမြောင်းများတွင် ရေပေးနေမှုနှင့် ရေတင်စိုက်ပျိုးသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စပါးတိုးချဲ့စိုက်ပျိုးရေးမှာကြားသည်။

အဆိုပါရေတင်စခန်းတွင် ယောချောင်းမှရေကို ၁၃ ပေအမြင့်မှ ၆၅ပေ အမြင့်သို့ ၇ဒသမ၇ ကျူးဆက် မြင်းကောင်ရေ ၄၀ အား လေးလုံးဖြင့် တင်ယူပြီး စပါးစိုက်ဧက ၁၃၀၀ သို့ ရေပေးနိုင်မည်ဖြစ်ကာ ယခုအခါ မိုးစပါးဧက ၆၀၀ စိုက်ပျိုးနိုင်ရေးရေတင်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် စံဖဲကျေးရွာရှိ ရေတင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စံဖဲရေတင်စခန်းမှ ရေဖြင့်မိုးစပါးများ ကောက်စိုက်နေမှု၊ လယ်မြေဖော်ထုတ်နေမှုကိုလည်းကောင်း၊ ယောချောင်းမှ ရေတင်နေမှုနှင့် မိုင်တိုင် အမှတ်(၃၆/၇)၌ စံဖဲရေတင်စခန်းမှ ပေးပို့သည့်ရေဖြင့် မနောသုခ မိုးစပါးစိုက်ခင်းများကိုလည်းကောင်း၊ သမားတော်ကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူနှစ်ဧကစိုက်ခင်းနှင့် မိုင်တိုင် အမှတ်(၃၁/၄)ရှိ ငမိုးကြီးကျေးရွာမှ တောင်သူဦးညို၏ခြောက်လသားအရွယ် ခြံစည်းရိုးကြက်ဆူခင်းနှင့် ခြံထွက်ကြက်ဆူသီးများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပေါက်-ပခုက္ကူလမ်းမိုင်တိုင် အမှတ်(၂၅/၁)ရှိ တက်မတောင်သို့ ရောက်ရှိကြပြီး အမြင့် ၁၁၂၇ ပေရှိ တက်မတောင်ထိပ်မှ တက်မတောင်စိမ်းလန်း စိုပြည်ရေးလုပ်ငန်းဆောင်ရွက်ထားရှိသည့် သစ်ပင်များရှင်သန်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က တက်မတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ တက်မတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသည် မကွေးတိုင်း ပေါက်မြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့တွင် ဆက်စပ်လျက်ရှိပြီး အကျယ်အဝန်းမှာ ဧက ၂၆၅၀၀ ရှိသည်။ ယင်းဒေသ၌ ထောက်ကြံ့၊ ပျဉ်းကတိုး၊ သင်းဝင်၊ နဘဲ၊ ဒီးဒူ၊ လက်ပံနှင့်စွေ့နီပင်များ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိပြီး သစ်တောစိုက်ခင်း ၅၆၃၅ ဧကကို ၁၉၉၃ ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ စိုက်ပျိုးထားပြီး အကြောင်းအမျိုးမျိုးကြောင့် ပျက်သုဉ်းခဲ့ရသော သစ်ပင်သစ်တောများကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တာဝန်ယူအစားထိုး ပျိုးထောင်စိုက်ပျိုးထားရာ ယခုအခါ စိမ်းလန်းစိုပြည်နေပြီဖြစ်သည်။

ထိုနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မျှော်မှန်းသည်
တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း ထင်သာမြင်သာ တိုးတက်မြင့်မားလာသ
သာမန်ပြည်သူအားလုံး လူမှုစီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာသည်ကို ပီတိဖြစ်နေရ
နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အခြေခံပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်နေသ
တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာအောင် တက်ညီလက်

* ကျောဖုံးမှ

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၆) သည် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း စတင်ခဲ့သည့် ၁၉၈၉ခုနှစ်က စတင်ရေတွက်လျှင် (၆၁)ကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ပြီးခဲ့သည့် ၁၇ နှစ်တာ သက်တမ်းကာလအတွင်း မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် စီမံကိန်းမတိုင်မီကာလများနှင့် နှိုင်းယှဉ်လျှင် ထင်သာမြင်သာ တိုးတက်မြင့်မားလာသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အောင်မြင်ဖြစ်ထွန်းလာခြင်းသည် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်မှုဝါဒချမှတ်ပေးပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း အကြံပြု ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

လုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုရခဲ့ခြင်းဖြစ်ကြောင်း။

ပိုမိုအောင်မြင်

ဤကဲ့သို့ ကြိုးပမ်းအကောင်အထည်ဖော်နိုင်၍လည်း နယ်စပ်ဒေသနေ ပြည်သူများ၏ လူမှုဘဝကို နှစ်ပေါင်းများစွာ ဟန့်တားခြိမ်းခြောက်ခဲ့သည့် သောင်းကျန်းမှုအန္တရာယ်က လွတ်မြောက်စေပြီး ငြိမ်းချမ်းသာယာသည့်ဘဝကိုဖြစ်စေခဲ့ကြောင်း၊ ငြိမ်းချမ်းလာသည့်ကာလများတွင် နိုင်ငံတော်က တည်ဆောက်ပေးသည့် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများကို အသုံးပြုပြီး လူနေမှုအဆင့်အတန်းတိုးတက်လာသကဲ့သို့ နိုင်ငံတော်က ဆောင်ရွက်ပေးသော စီမံကိန်းနမူနာများယူပြီး ဒေသခံပြည်သူများကလည်း ၎င်းတို့စွမ်းအားရှိသမျှ ပူးပေါင်းတည်ဆောက်ကြသည့်အတွက် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုနှစ်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တတိယနှစ်လတ်(၅)နှစ် စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်ကြောင်း၊ စီမံကိန်း စတင်စဉ်မှ ယခုအထိ နိုင်ငံတော်အပိုင်းက နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ၈၄၇၅၀ ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆောင်ရွက်ပေးခဲ့သည့်လုပ်ငန်းများကို ပြန်ကြည့်လျှင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ မြေလမ်း မိုင် ၃၃၆၀၊ ကျောက်ခင်းလမ်း ၂၀၆၆မိုင်၊ ကတ္တရာလမ်း ၃၈၅မိုင်၊ စုစုပေါင်းလမ်းမိုင်ပေါင်း ၅၉၁၁မိုင် အသစ်ဖောက်လုပ်ပေးခဲ့သကဲ့သို့ ယခင်ရှိပြီးသားလမ်းဟောင်း ၃၃၉၆မိုင်ကိုလည်း အဆင့်မြှင့် ပြုပြင်ထိန်းသိမ်းပေးခဲ့ကြောင်း၊ ဤလမ်းများအပေါ်၌ တံတားကြီးအစင်း ၇၀၊ တံတားငယ် ၉၇၅စင်းနှင့် ကြိုးတံတား ၃၉ စင်း တည်ဆောက်ပေးခဲ့၍ ပထဝီဝင်မြေအနေအထားအရ ခက်ခဲသည့် နယ်စပ်တောင်ပေါ်ဒေသ၌ ပြန့်ကျဲနေထိုင်ကြသည့် တိုင်းရင်းသားများသည် ယခင်က မရောက်နိုင်၊ မသွားနိုင်၊ မလာနိုင်သည့် နေရာများကို သွားနိုင်၊ ရောက်နိုင် ကုန်စည်ကူးသန်းသွားလာနိုင်ကြပြီဖြစ်ကြောင်း၊ အနေနီးလာကြပြီဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး

ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျသဖြင့် နိုင်ငံတော်က ကျပ်သန်းပေါင်း ၄၅၉၀၀ကျော် သုံးစွဲဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း အဓိကကျသည့် လမ်းကြီးများ ကတ္တရာလမ်းအဆင့်မြှင့်ရန်၊ တံတားများ ပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ လိုအပ်သည့်နေရာများ၌ လမ်းများတိုးချဲ့ဖောက်လုပ်ပေးနေကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း အကြံပြု ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနေသည်ကိုလည်း ပြောကြားလိုကြောင်း၊ အခြေခံပညာရေးကဏ္ဍတွင် မူလတန်းကျောင်း ၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း ၉၀ နှင့် အထက်တန်းကျောင်း ၉၂ ကျောင်း ဆောက်လုပ်ပေးထားသည့်အပြင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်အောင်

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေ
ကျောင်း ၂၇ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြ
ရှိကြောင်း၊ ထို့အပြင် ဘိန်းစိုက်ပျိုးမှုပပျောက်
ဆောင်ရွက်နေသည့် ရှေ့တြိဂံနယ်မြေ၌ ဘိ
စွန့်လွှတ်သည့် တောင်သူများ၏ သားသမီး
များကိုလည်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအ
ပူးပေါင်းပြီး Food for Education အ
ဆန်ထောက်ပံ့ပေးနေခြင်းကြောင့် ကျော
ကျောင်းသားအားလုံး ကျောင်းနေနိုင်ရေးရည်
အစီအစဉ်တကျ ဆောင်ရွက်ပေးနိုင်နေသည
မည်ဖြစ်ကြောင်း၊ ယခင်ကကျောင်းသား တစ်
သာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ပြီးခဲ့သည့် စ
ကျောင်းသား ၁၇၀၀၀၀ ကျော်ရှိလာရာ အ
ဖြစ်ကြောင်း။

နယ်စပ်ဒေသလူငယ်များ ပညာပိုမိုတ
လာခြင်းဖြစ်သဖြင့် တိုင်းပြည်တည်ငြိမ်အေးချ
တိုးတက်ရေးအတွက် ရလဒ်ကောင်းများ
သကဲ့သို့ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပ
များကို ပိုမိုသိမြင်လာပြီး ဘိန်းပပျောက်ရေး
ဒေသနေ ပြည်သူအများ ပူးပေါင်းဆောင်ရွ
သည်လည်း မြင်သာထင်သာသည့် အောင်မြ
ဖြစ်ကြောင်း။

အခြေခံပညာအပြင် အဆင့်မြင့်ပညာ ဆ
အတွက်လည်း ၂၀၀၀ပြည့်နှစ်က စတင်ကာ
မန္တလေးမြို့များ၌ ပြည်ထောင်စု တိုင်းရင်းသာ
စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်
လေ့ကျင့်သင်ကြားပေးနေကြောင်း၊ ယခုဆိုလျှ
ကောလိပ်နှစ်ခုက ဘွဲ့ရ တိုင်းရင်းသားလူင
ဇာတိဒေသ၏ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးလု
နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ဆော
သကဲ့သို့ အချို့ကျောင်းသားများသည်လည်း
ကို ဆက်လက်ဆည်းပူးနေကြပြီဖြစ်ကြောင်
ထို့ပြင် ဒေသ၏ ကျန်းမာရေး၊ ပညာရေး
ပါဝင်ထမ်းဆောင်မည့် နယ်စပ်ဒေသ တို
တိုင်းရင်းသူလူငယ်များအား ပြည်ထောင်စု တို

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗို
ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သ

နှ်း မျှော်မှန်းသည်ထက် ပိုမိုအောင်မြင် တက်မြင့်မားလာသည်ကို တွေ့မြင်နေကြရ ည်ကို ပီတိဖြစ်နေရုံဖြင့် မလုံလောက်သေး နောက်ကျကျန်နေသည့် နယ်စပ်ဒေသများ အောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း ၂၇ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း၊ ထို့အပြင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး စီမံကိန်း ဆောင်ရွက်နေသည့် ရွှေတြိဂံနယ်မြေ၌ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများ၏ သားသမီးကျောင်းသားများကိုလည်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ပူးပေါင်းပြီး Food for Education အစီအစဉ်ဖြင့် ဆန်ထောက်ပံ့ပေးနေခြင်းကြောင့် ကျောင်းနေအရွယ်ကျောင်းသားအားလုံး ကျောင်းနေနိုင်ရေးရည်မှန်းချက်ကို အစီအစဉ်တကျ ဆောင်ရွက်ပေးနိုင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခင်ကကျောင်းသား တစ်ထောင်ကျော်သာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ပြီးခဲ့သည့် စာသင်နှစ်က ကျောင်းသား ၁၇၀၀၀၀ ကျော်ရှိလာရာ အားရဖွယ်ရာဖြစ်ကြောင်း။

နယ်စပ်ဒေသလူငယ်များ ပညာပိုမိုတတ်မြောက်လာခြင်းဖြစ်သဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ်ကောင်းများ ပေါ်ထွန်းလာသကဲ့သို့ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးမှု ဆိုးကျိုးများကို ပိုမိုသိမြင်လာပြီး ဘိန်းပပျောက်ရေးကို နယ်စပ်ဒေသနေ ပြည်သူအများ ပူးပေါင်းဆောင်ရွက်လာခြင်းသည်လည်း မြင်သာထင်သာသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း။

အခြေခံပညာအပြင် အဆင့်မြင့်ပညာ ဆည်းပူးနိုင်ရေးအတွက်လည်း ၂၀၀၀ပြည့်နှစ်က စတင်ကာ ရန်ကုန်နှင့်မန္တလေးမြို့များ၌ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားပြီး လေ့ကျင့်သင်ကြားပေးနေကြောင်း၊ ယခုဆိုလျှင် ယင်းဒီဂရီကောလိပ်နှစ်ခုက ဘွဲ့ရ တိုင်းရင်းသားလူငယ်များသည် ဇာတိဒေသ၏ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ၌ နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြသကဲ့သို့ အချို့ကျောင်းသားများသည်လည်း မဟာတန်းကို ဆက်လက်ဆည်းပူးနေကြပြီဖြစ်ကြောင်း။

ထို့ပြင် ဒေသ၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ပါဝင်ထမ်းဆောင်မည့် နယ်စပ်ဒေသ တိုင်းရင်းသားတိုင်းရင်းသူလူငယ်များအား ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းများ၌ ဦးစားပေး ပညာဆည်းပူးခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အကြံပြု ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

သက်မွေးပညာ

စာပေပညာသင်ကြားမှုအပြင် သက်မွေးပညာ ဆည်းပူး၊ ဘဝရပ်တည်နိုင်ရန်လည်း အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း ၃၄ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူများအား စရိတ်ငြိမ်း သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ နယ်စပ်ဒေသတစ်လျှောက် သင်တန်းသူ ၁၇၈၈၃ဦးအား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသများ၌ တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ပန်းရန်၊ စက်ပြင် စသည့် သက်မွေးပညာရပ်များ သင်ကြားပေးမည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိကြောင်း။

ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသတွေသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန် အမျိုးသားကျန်းမာရေးမူဝါဒချမှတ်ပြီး နယ်စပ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၁၉၈၈ခုနှစ်က ဆေးရုံ ရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာ ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ ၇၉ရုံ၊ ဆေးပေးခန်း ၁၀၅ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အပြင် ဖွံ့ဖြိုးရေးအထူးဒေသတိုင်းတွင်လည်း ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနေပြီဖြစ်ခြင်းကြောင့် နယ်စပ်ဒေသ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ကူညီပံ့ပိုးပေး

စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသတိုင်းရင်းသားများအတွက် ဒေသတွင်း ဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေခြင်း၊ ပိုလျှံသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များ စီစဉ်ပေးခြင်းဖြင့် ကူညီပံ့ပိုးပေးရန်ဖြစ်ကြောင်း၊ စားဝတ်နေရေး ဖူလုံစေရေးအတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆက်စပ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က စိုက်ပျိုးရေး အခြေခံစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်အောင် နယ်စပ်ဒေသအသီးသီး၌ စိုက်ပျိုးရေးရုံးနှင့် စိုက်ပျိုးရေးစခန်းများ၊ အသေးစားဆည်နှင့်တူးမြောင်းများ၊ ထွန်စက်စခန်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ ဆက်လက်ပြီး သဘာဝပတ်ဝန်းကျင်ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးသကဲ့သို့ မြေပြန့်များ၌ လယ်ယာမြေအသစ် ဖော်ထုတ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှု ပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊လိမ္မော်၊ လိုင်ချီး၊ နှင်းသီး၊ လက်ဖက် စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ပေါ်နေပြီဖြစ်ကြောင်း။

ဤအခြေခံကောင်းများပေါ် အားထားပြီး ဘိန်းစိုက်ပျိုးမှုကို ဒေသခံတိုင်းရင်းသားအများစုက စွန့်လွှတ်နေကြပြီဖြစ်၍ ကြီးမားသည့် အောင်မြင်မှုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် အစားထိုးသီးနှံစိုက်ခင်းများ၊ ဘိန်းအစားထိုး နှစ်ရှည် သီးနှံစိုက်ခင်းများ တိုးချဲ့နိုင်ရန်နှင့် ထွက်ရှိလာသည့် သီးနှံပစ္စည်းများကို ပြည်တွင်းပြည်ပဈေးကွက်တင်ပို့နိုင်ရေး၊ ဈေးကောင်းရရှိရေး ဆက်လက်ကူညီဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသအသီးသီး၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၀၉ရုံ တည်ဆောက်ထုတ်လွှင့်ပေးနိုင်သည့်အတွက် နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် နိုင်ငံတော်၏ မူဝါဒလမ်းညွှန်ချက်များကို နယ်စပ်ဒေသ တိုင်းရင်းသားသွေးချင်းများ သိရှိနားလည်စေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းရေးအတွက် များစွာအထောက်အကူပြုနေပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဆူပူအုံကြွမှုဖြစ်အောင်၊ အတွေးအမြင် အယူအဆလွဲမှားအောင် ပြည်ပက သတင်းဌာနအချို့နှင့် ဆန့်ကျင်ဘက် အဖွဲ့အစည်းအချို့က မီဒီယာအပိုင်းအားကိုးဖြင့် ကောလာဟလသတင်းများ၊ မဟုတ်မမှန် လုပ်ကြံသတင်းများ လှုံ့ဆော်ဖန်တီးနေမှုများ ပြုလုပ်နေ၊ ဤအဖျက်အမှောင့်အုပ်စုများ၏ သွေးထိုးလှုံ့ဆော်မှုများကို တိုင်းရင်းသားများအားလုံးက အမှန်အတိုင်း သိမြင်နိုင်အောင် မိမိတို့ မီဒီယာအပိုင်းက ပညာပေး စည်းရုံးမှုများဖြင့် ကြိုးပမ်းလုပ်ဆောင်နေခြင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းကာကွယ်ပေးနေခြင်းပင်ဖြစ်။

လှုံ့ဆော်ဖန်တီးနေ

ယနေ့အချိန်အခါတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဆူပူအုံကြွမှုဖြစ်အောင်၊ အတွေးအမြင် အယူအဆလွဲမှားအောင် ပြည်ပက သတင်းဌာနအချို့နှင့် ဆန့်ကျင်ဘက် အဖွဲ့အစည်းအချို့က မီဒီယာအပိုင်းအားကိုးဖြင့် ကောလာဟလသတင်းများ၊ မဟုတ်မမှန် လုပ်ကြံသတင်းများ လှုံ့ဆော်ဖန်တီးနေမှုများ ပြုလုပ်နေကြောင်း၊ ဤအဖျက်အမှောင့်အုပ်စုများ၏ သွေးထိုးလှုံ့ဆော်မှုများကို တိုင်းရင်းသားများအားလုံးက အမှန်အတိုင်း သိမြင်နိုင်အောင် မိမိတို့ မီဒီယာအပိုင်းက ပညာပေးစည်းရုံးမှုများဖြင့် ကြိုးပမ်းလုပ်ဆောင်နေခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းကာကွယ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က အစွန်အဖျား နယ်စပ်ဒေသများအထိ တတ်နိုင်သမျှ ပြည်တွင်းမီဒီယာ ဖြန့်ကြက်ပေးရေးနှင့် သတင်းစာမရောက်နိုင်သေးသည့် အချို့ဒေသများ၌ မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံ နှစ်ခုစလုံး ဖမ်းယူရရှိစေရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းနှင့် ထပ်ဆင့်လွှင့်စက်ရုံများ အချိန်မှန်မှန် ထုတ်လွှင့်နိုင်ရေးနှင့် နယ်စပ်ဒေသ ပြည်သူများ ဖမ်းယူကြည့်ရှုနိုင်ရေးအတွက် ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများက အလေးထား ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်၍ နယ်စပ်ဒေသများ၌ ကိုလိုနီလက်ထက်ကတည်းက နှစ်ပေါင်း ၁၅၀ ကျော် အမြစ်တွယ်လာခဲ့သည့် မူးယစ်ဆေးဝါးစိုက်ပျိုးမှုများ ချုပ်ငြိမ်းအောင် နိုင်ငံတော်က ၁၅ နှစ်စီမံကိန်း ရေးဆွဲချမှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း ရေးဆွဲရာ၌ ဒေသခံပြည်သူများ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့်အခါ အခြားနည်းလမ်းဖြင့် ဝင်ငွေရနိုင်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စတင်ပြီး ၁၀ နှစ်ကြာမှ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုဆိုလျှင် ခုနစ်နှစ်တာကာလကို ရောက်ရှိလာပြီဖြစ်ပြီး နယ်စပ်ဒေသက တိုင်းရင်းသားများ ပူးပေါင်းပါဝင်မှုကြောင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုသည် တဖြည်းဖြည်း လျော့နည်းကျဆင်းလာနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ လျော့နည်း ကျဆင်းလာသည်ကိုလည်း နိုင်ငံတကာက လက်ခံအသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းအနေဖြင့် အာဆီယံ မျှော်မှန်းချက်ထက် တစ်နှစ်စောပြီး ၂၀၁၄ခုနှစ်တွင် တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးကင်းစင်ရေးရည်မှန်းချက်ထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဤရည်မှန်းချက်အတိုင်း အောင်မြင်အောင် ထုတ်လုပ်မှု ပပျောက်ရေး၊ ကာကွယ်တားဆီးနှိမ်နင်းရေးနှင့် သုံးစွဲမှု ပပျောက်ရေးဆိုသည့် နည်းဗျူဟာ သုံးရပ်ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများနှင့် လုပ်ငန်း ဆပ်ကော်မတီအသီးသီးတို့က ညှိနှိုင်းပေါင်းစပ်ပြီး အရှိန်အဟုန်တိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကပါ နိုင်ငံတော်နှင့် ပူးပေါင်း ဆောင်ရွက်နေကြသည်များ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံနှင့်နိုင်ငံသားတို့၏ အကျိုးအတွက် မှန်ကန်သည့်လမ်းကြောင်းရောက်ရှိအောင် ထိန်းကျောင်းဆောင်ရွက် မှန်ကန်သည့်စေတနာဖြင့် ပူးပေါင်းကူညီသော အဖွဲ့အစည်းများကို ဒေသမှတာဝန်ရှိသူများက ဝိုင်းဝန်းကူညီ

▲ စာမျက်နှာ ၉ မှ

ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏အကျိုးအတွက် မှန်ကန်သည့်လမ်းကြောင်းရောက်ရှိအောင် ထိန်းကျောင်း ဆောင်ရွက်သွားကြရန်နှင့် မှန်ကန်သည့် စေတနာဖြင့် ပူးပေါင်းကူညီသော အဖွဲ့အစည်းများကို ဒေသမှ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြရန်လည်း မှာကြားလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ရောက်ရှိစေရေးအတွက် အခြေခံကျသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပထမဆုံး ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ရလာသည့်အခါ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးဒေသကြီး ၂၄ခု



သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရင်း ပြည်သူအများစု ပြန့်ကျဲနေထိုင်ကြသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“နိုင်ငံတော်ရဲ့ ရေရှည်အကျိုးဖြစ်ထွန်းစေရေး၊ တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာရေးတို့အတွက် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်စေရအောင် မှန်ကန်သောနည်းလမ်းများနဲ့ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြဖို့”** ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၀၄)တွင် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ၌ မှန်ကန်သော မူဝါဒဆိုင်ရာလမ်းညွှန်မှု၊ နိုင်ငံတော်တာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုရရှိပြီး နယ်စပ်ဒေသများ၏ တည်ငြိမ်အေးချမ်းမှု၊ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါး ထင်ထင် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

သာမန်ပြည်သူအားလုံး လူမှုစီးပွားရေး အခွင့်အလမ်းများ ပေါ်ထွန်းလာနေသည်ကို ပီတိဖြစ်နေရုံဖြင့် မလုံလောက်သေးဘဲ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အခြေခံပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်နေသေးသည့် နယ်စပ်ဒေသများ၌ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာအောင် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပဏာမအဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာတွင်နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရန်ပုံငွေသုံးစွဲမှု အခြေအနေများ၊ ယန္တရား ဖြန့်ခွဲထားရှိမှု အခြေအနေများ၊ ရန်ပုံငွေခွင့်ပြုနှုန်းထားများနှင့် နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို အကျဉ်းချုံးတင်ပြသွားမည်ဖြစ်ကြောင်း။

ရှေးဦးစွာ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းစတင်ဆောင်ရွက်သည်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအလိုက် သုံးစွဲခဲ့ပြီးသည့်နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ အခြေအနေများမှာ-လမ်း/တံတားလုပ်ငန်းအတွက် ငွေကျပ် ၄၅၉၀၅ဒသမ၅၄သန်း၊ကျန်းမာရေးလုပ်ငန်းအတွက် ငွေကျပ် ၁၇၂၉ဒသမ၃၈သန်း၊ပညာရေးလုပ်ငန်းအတွက် ငွေကျပ် ၄၆၀၅ဒသမ၉၉ သန်း၊စိုက်ပျိုးရေးလုပ်ငန်းအတွက် ငွေကျပ် ၂၀၈၀၉ ဒသမ ဝ၈ သန်း၊ သစ်တောလုပ်ငန်းအတွက် ငွေကျပ် ၆၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းအတွက်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ငွေကျပ် ၈၅၉ ဒသမ၇၉ သန်း၊ကုန်သွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၂၅၅ဒသမ၄၉ သန်း၊ စွမ်းအင်လုပ်ငန်းအတွက် ငွေကျပ် ၁၇၇၃ ဒသမ ၂၂ သန်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းအတွက်ငွေကျပ် ၁၃၉၂ ဒသမ ၆၃ သန်း၊ သတ္တုရှာဖွေ တူးဖော်ရေးလုပ်ငန်းအတွက် ငွေကျပ် ၃၉၀ ဒသမ ဝ၂ သန်း၊ ဆက်သွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၃၀၄၀ ဒသမ ၂၁ သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၁၉၂၃ ဒသမ ၁၆ သန်း၊ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေး လုပ်ငန်းအတွက် ငွေကျပ် ၂၈၃ဒသမ၂၂ သန်း၊ သာသနာရေးဆိုင်ရာလုပ်ငန်းအတွက် ငွေကျပ် ၄၈၀ ဒသမ ၄ သန်း၊ ပြည်ထဲရေးဆိုင်ရာလုပ်ငန်းအတွက် ငွေကျပ် ၇၃၄ ဒသမ ၇၃ သန်း၊ လူမှုဝန်ထမ်းနှင့် သမဝါယမလုပ်ငန်းအတွက် ငွေကျပ် ၁၅ ဒသမ ဝ၄ သန်း၊ အထွေထွေလုပ်ငန်းများအတွက် ငွေကျပ် ၁၉၁၁၇ ဒသမ ဝ၃ သန်းတို့ဖြစ်ကြောင်း။

လုပ်ငန်းအလိုက် သုံးစွဲပြီးရန်ပုံငွေစုစုပေါင်းမှာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စတင်ဆောင်ရွက်ခဲ့သည့် ၁၉၈၉-၉၀ဘဏ္ဍာရေးနှစ်မှ ၃၀-၆-၂၀၀၆ရက်ထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ် ၅၃၄၁၈ ဒသမ ၃၄ သန်း၊ အခြား ဝန်ကြီးဌာနအသီးသီး၏ ရန်ပုံငွေမှ ငွေကျပ် ၃၁၃၃၄ဒသမ၉၉သန်း စုစုပေါင်း ငွေကျပ် ၈၄၇၅၃ ဒသမ၃၃သန်းသုံးစွဲပြီးဖြစ်ကြောင်း၊ နယ်စပ်ဒေသများဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိသကဲ့သို့ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီး၏ လိုအပ်ချက်များအတွက် ဖြည့်ဆည်းထောက်ပံ့ပေးခဲ့ရာ ၁၉၈၉-၁၉၉၀ခုနှစ်မှ ယနေ့အထိ ဆန်အတွက် ငွေကျပ် ၃၁၃၃သန်း၊ ဆားအတွက် ငွေကျပ် ၁၀ သန်း၊ ရိက္ခာလေးမယ်ဖိုးငွေကျပ် ၁၀၄၅ သန်း၊ ယာဉ်နှင့် အခြားပစ္စည်းအတွက် ငွေကျပ် ၃၇၂ သန်းနှင့် ငွေသား ထောက်ပံ့ငွေကျပ် ၁၈၆၅ သန်း စုစုပေါင်း ငွေကျပ် ၆၄၂၆ဒသမ ၆ သန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း။

ယခု ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်တွင် လျာထားခွင့်ပြုထားပြီးဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအနေဖြင့် သာမန် အသုံးစရိတ်ငွေကျပ် ၁၈၁၀ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၆၈၇၇ သန်းနှင့် ထောက်ပံ့ရန်ပုံငွေကျပ် ၂၆၇၂ သန်း စုစုပေါင်းခွင့်ပြုငွေကျပ် ၁၁၃၅၉ဒသမ ၇ သန်းကျော်ဖြစ်ကြောင်း။

ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၄-၉၅ခုနှစ်မှစ၍ နတလ လုပ်ငန်းကော်မတီပိုင် ယာဉ်ယန္တရားများကို ဒေသအသီးသီးသို့ ဖြန့်ခွဲထုတ်ပေးခဲ့ရာ ယာဉ်ယန္တရားပေါင်း ၂၃၃ စီးထုတ်ပေးထားပြီးဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများအခြေအနေနှင့်စပ်လျဉ်း၍ UNDP နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဝေးလံမြို့နယ်များအတွက် လူမှုဖွံ့ဖြိုးရေး (CDRT)စီမံကိန်း အဆင့်ဆင့် ဆောင်ရွက်မှုမှာ စီမံကိန်းအဆင့်(၁)ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလမှ ၁၉၉၆ခုနှစ် ဇွန်လအထိ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာနှစ်သန်းဖြင့်လည်းကောင်း၊ စီမံကိန်းအဆင့်(၂)ကို ၁၉၉၇ခုနှစ် ဇန်နဝါရီလမှ ၁၉၉၉ခုနှစ် ဇွန်လအထိ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉သန်းဖြင့် လည်းကောင်း၊ စီမံကိန်းအဆင့်(၃)ကို ၁၉၉၉ခုနှစ် စက်တင်ဘာလမှ ၂၀၀၂ခုနှစ် ဩဂုတ်လအထိ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ဒသမ ၂သန်းဖြင့်



ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လည်းကောင်း၊ ကချင်ပြည်နယ်၊ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ပညာရေး၊ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေ တိုးပွားရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း။

စီမံကိန်းအဆင့်(၄)ကို ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ မချမ်းဘော၊ တနိုင်း၊ မံစီ၊ မိုးမောက်မြို့နယ်များ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံ၊မင်းတပ်၊မတူပီ၊ ကန်ပက်လက်၊ပလက်ဝမြို့နယ်များ၊ ရခိုင်ပြည်နယ် မြောက်ဦး၊မင်းပြား၊ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၊ ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်း၊ကျိုက်ထိုမြို့နယ်တို့၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရရှိရေးလုပ်ငန်းများကို UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်(၁)မှ အဆင့်(၄)အထိ UNDP ထည့်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆ သန်းဖြစ်ကြောင်း။

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ဆန်ထောက်ပံ့ပေးမှုအခြေအနေမှာ ရှေ့ပြေးစီမံကိန်းအနေဖြင့် ၂၀၀၃ခုနှစ်က ဒေါ်လာ ၁ ဒသမ ၉၉ သိန်းထောက်ပံ့မှုဖြင့် ဆန်တန်ချိန် ၇၆၀၊ စီမံကိန်းအဆင့်(၁)အနေဖြင့် ၂၀၀၄ခုနှစ်က ဒေါ်လာ ၃ဒသမ ၆သန်းဖြင့် ဆန်တန်ချိန် ၉၈၅၅တန်၊ စီမံကိန်းအဆင့်(၂)အနေဖြင့် ၂၀၀၅/၂၀၀၆ခုနှစ်အတွင်း ဒေါ်လာ ၇ ဒသမ ၉သန်းဖြင့် ဆန်တန်ချိန် ၁၉၉၆၁ တန်ကို ရှမ်းပြည်နယ်မှ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သော တောင်သူများအား လုပ်အားခအဖြစ် ဆန်ထောက်ပံ့ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ဆန်ထောက်ပံ့ခြင်း၊ ကျောင်းတက် သည့်ကလေးများနှင့် သင်တန်းတက်ရောက်သူများအား ဆန်ထောက်ပံ့ခြင်းစနစ်တို့ဖြင့် ထောက်ပံ့လျက် ရှိကြောင်း၊ ထိုင်းနိုင်ငံအစိုးရကလည်း WFP°°ကို ၂၀၀၅ခုနှစ် မတ်လက ဆန်တန်ချိန် ၁၀၀၀ ထောက်ပံ့ခဲ့ရာ “ဝ”ဒေသ ပန်ဆန်း၊ မိုင်းမော၊ ဝိန်းကောင်၊ မိုင်းကာ၊မိုင်းပေါက်နှင့် ဟိုတောင်းတို့ကို ဖြန့်ဝေပေးခဲ့ကြောင်း၊ WFP အနေဖြင့် ၂၀၀၃ခုနှစ် ဩဂုတ်လမှ ယခုနှစ်ကုန်အထိ စုစုပေါင်း ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၉သန်းဖြင့် စုစုပေါင်း ဆန်တန်ချိန် ၃၀၅၇၆ တန် ဖြန့်ဝေပေးလျက်ရှိကြောင်း။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့်လည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့၌ ၂၀၀၅ခုနှစ်အတွင်း လုပ်ငန်း ၁၁၄ခုကို အမေရိကန်ဒေါ်လာ ၆သိန်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၀၆ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၆၃၂၀၀နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အသေးစားစီမံကိန်း ၂၁၃ခုကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၃ဒသမ၅၄၆သန်းဖြင့် ကိုးကန့်ဒေသဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် ဆင်းရဲချို့တဲ့မှုလျှော့ပါးရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကို ၂၀၀၅ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တင်ပြလိုပါကြောင်း၊ နယ်စပ်ဒေသအသီးသီး၌ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ပထမအဆင့် နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ ဒေသအစားအစာ ဖူလုံရန်၊ ယင်းကတစ်ဆင့် ဝတ်ရေး၊ နေရေးအဆင်ပြေစေရန်အတွက် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများတည်ဆောက်ပေးရန်၊ ယင်းကတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု Sustainable Development ရှိစေရန်အတွက် လူသားအရင်းအမြစ်စွမ်းရည်ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားပါကြောင်း။

ထို့ကြောင့် ယနေ့ထိလူငယ်သင်တန်းကျောင်း ပေါင်း၂၇ကျောင်းဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကျောင်းများ၌ မူလတန်းကျောင်းသား ၂၉၄ဦး၊ အလယ်တန်းကျောင်းသား ၁၅၅၃ဦး၊ အထက်တန်းကျောင်းသား ၇၃၀ စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၅၇၈ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသပညာရေးအနေဖြင့် နယ်စပ်ဒေသများ၌ အထက်တန်းကျောင်း၉၂ ကျောင်း၊ အလယ်တန်းကျောင်း၉၀ ကျောင်းနှင့် မူလတန်းကျောင်း၈၅၂ကျောင်းတိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် ယခုအခါနယ်စပ်ဒေသတိုင်းရင်းသား ၁၇၀၉၂၀ တက်ရောက်ပညာသင်ကြားနေပြီဖြစ်ကြောင်း။

အဆိုပါ သင်တန်းကျောင်းများက ပညာရည်မြင့်မားသည့် တိုင်းရင်းသားလူငယ်များကို တက္ကသိုလ်ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့တို့ ၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တိုင်းရင်းသားလူငယ်၅၇၄ဦးကို ဘွဲ့/ ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ ခန့်အပ်တာဝန်ပေးပြီးဖြစ်ကြောင်း၊ ဘွဲ့နှင့်ဒီပလိုမာရရှိသူများအနက် ထူးချွန်ထက်မြက်သူများကို မဟာသိပ္ပံ/မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း၊မဟာသိပ္ပံ/မဟာဝိဇ္ဇာဘွဲ့ သင်တန်း၊ B.Tech သင်တန်း၊ B.E သင်တန်းနှင့် M.E သင်တန်းများတက်ရောက်ရန် စီစဉ်ပေးခဲ့ကြောင်း။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ အခြေခံပညာအထက်တန်းစာမေးပွဲ နှစ်ကြိမ်ကျရှုံးသူများနှင့် ပညာဆက်လက်သင်ကြားရန် အခြေအနေမရှိသူများ ဘဝရပ်တည်ရေးအတွက် “အသက်မွေးမှုပညာလေ့ကျင့်ရေး ကျောင်း(စက်ပြင်အလုပ်ရုံ)”ကို စစ်တွေမြို့၌ ၁၂-၉-၂၀၀၁ရက်မှ စတင်ဖွင့်လှစ်သင် ကြားပေးလျက်ရှိကြောင်း၊ သင်တန်းအနေဖြင့် စက်ပြင်အတတ်ပညာ၊ လျှပ်စစ်ဂဟေဆက်ပညာနှင့် အခြေခံအီလက်ထရွန်နစ်ပညာရပ်များကို သင်တန်းကာလခြောက်လ သတ်မှတ်သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း။

အလားတူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် ပညာရေးသက်သက်သာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့်ပန်းရန်၊ လက်သမား၊သံချည်သံကွေး၊ အဆောက်အအုံဆောက်လုပ်သည့် ပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကျောင်းများဖွင့်လှစ်သင်ကြားပေးရန် နတလ ဗဟိုကော်မတီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားကြောင်း၊ ယင်းလမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ လောက်ကိုင်နှင့်ပန်ဆန်း၊ ရှမ်း ပြည်နယ် (အရှေ့ပိုင်း)ရှိ မိုင်းလားတို့၌ နယ်စပ်ဒေသစက်မှုလက်မှု အတတ်ပညာ သင်တန်းကျောင်းများဖွင့်လှစ်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မိုင်းလားစက်မှုလက်မှု ပညာသင်တန်းကျောင်းကို ၈-၇-၂၀၀၆ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်မြို့နှင့် ပန်ဆန်းမြို့တို့၌ ယခုလအတွင်း ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်ပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသအသီးသီး၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆

ဗဟိုအဆင့်မှ လက်တွေ့ထိတွေ့ကူညီစောင့်ရှောက်ခြင်းသည် ဒေသခံများအတွက် စိတ်ဓာတ်အင်အားကို တိုးပွားစေ

☆ စာမျက်နှာ ၁၀မှ

သင်တန်းကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက် ရှိရာ ယခုဆိုလျှင် ၃၄ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အထိ နယ်စပ်ဒေသအသီးသီးမှ အမျိုးသမီးငယ် ၁၇၈၈၃ဦးအား အိမ်တွင်းမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၀၃-၂၀၀၄ခုနှစ်တွင် ဖလမ်း၊ တီးတိန်၊ မင်းတပ်နှင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် မတူပီ၊ ကန်ပက်လက် အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းများတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အဆိုပါ အမျိုးသမီး အိမ်တွင်းမှု သင်တန်းကျောင်း ခြောက်ကျောင်း၌ အခြေခံအိမ်တွင်းမှုပညာရပ်များ အပြင် သိုးမွေးစက်ဆွဲ ပညာရပ်ကို အထူးပြုဘာသာရပ်အနေဖြင့် သင်ကြားပေးလျက်ရှိပြီး မင်းတပ်၊ ဟားခါးနှင့် ဖလမ်း အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းများ၌ ကနုကမာ ကျောက်စီပန်းချီပညာနှင့် အခြေခံ ရက်ကန်းပညာများကို သင်ကြားပေးလျက် ရှိကြောင်း။

ထို့အပြင် ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ကချင်ပြည်နယ် ဗန်းမော်မြို့၌ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း တစ်ကျောင်းသာ ဖွင့်လှစ်ခဲ့ရာမှ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ဒေသလိုအပ်ချက်အရ ကချင်ပြည်နယ် ပူတာအို၊ ဒေါ့ဖုန်းယန်၊ ဒွန်ဗန်၊ စစ်ကိုင်းတိုင်း နန်းယွန်း၊ လေရှီး၊ လဟယ်၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးနှင့် မကွေးတိုင်း၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ မွန်ပြည်နယ် မုဒုံမြို့များ၌ အမျိုးသမီး အိမ်တွင်းမှု သင်တန်းကျောင်းသစ် ၁၅ကျောင်းကို ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ပြီးခဲ့သည့် နတလ ဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ လမ်းညွှန်သည့်အတိုင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများရရှိနေပြီ ဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟနောက်ကျန် နေသေးသည့် ဒေသများကို ပိုမိုအားစိုက်ဆောင်ရွက်ပေးကြပါရန်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ လူ့စွမ်းရည်မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လမ်း/တံတားလုပ်ငန်း ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်း ဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်း ဆပ်ကော်မတီ၊ စိုက်ပျိုးရေး လုပ်ငန်းဆပ်ကော်မတီ၊ သစ်တောလုပ်ငန်း ဆပ်ကော်မတီ၊ မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊ ကုန်သွယ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်း ဆပ်ကော်မတီ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆပ်ကော်မတီ၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ဆက်သွယ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးလုပ်ငန်း ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးလုပ်ငန်း ဆပ်ကော်မတီ၊ သာသနာရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၊ ပြည်ထဲရေးဆိုင်ရာလုပ်ငန်းဆပ်ကော်မတီနှင့် လူမှုဝန်ထမ်းနှင့် သမဝါယမ လုပ်ငန်းဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အစည်းအဝေး တက်ရောက်သူများက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

စဉ်ဆက်မပြတ်တိုးတက်ရေး

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေနှင့်လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေစေဖို့ အဓိကကျကြောင်း။

ယင်းသို့ဖွံ့ဖြိုးတိုးတက်မှုစဉ်ဆက်မပြတ် ဖြစ်ထွန်းနေစေရေးအတွက် ဒေသရှိ အရင်းအမြစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ လုပ်ငန်းများ အရှိန်အဟုန်မပျက် အကောင်အထည်ဖော်ခြင်း၊ အရည်အသွေးမြှင့်တင်ခြင်းတို့ဖြင့် အမြဲမပြတ်ပြုစုစောင့်ရှောက်နေဖို့ လိုအပ်ကြောင်း။

မိမိတို့နိုင်ငံအဖို့ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ အမြဲမပြတ် ရှင်သန်ထက်မြက်နေစေဖို့ လိုအပ်နေကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့မှာ ရှေးယခင်သမိုင်းဦးကာလကတည်းက ပျိုးထောင်ပွားများခဲ့ရသကဲ့သို့ ပစ္စုပ္ပန်ကာလနှင့် နောင်အနာဂတ်ကာလတွင်လည်း စဉ်ဆက်မပြတ် ပျိုးထောင်ပွားများ ကြရမည်သာဖြစ်ကြောင်း။

ဆက်လက်ပံ့ပိုး

ယင်းစိတ်ဓာတ်အခြေခံတို့ဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများမှီတင်းနေထိုင်ရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယခုကဲ့သို့အောင်မြင် ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်ရာ ရရှိသော အောင်မြင်ဖြစ်ထွန်းမှုများကိုကျေနပ်နှစ်သိမ့်မနေဘဲ ဖွံ့ဖြိုးတိုးတက်သည်ထက်ဖွံ့ဖြိုးတိုးတက်စေရအောင် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားကြဖို့ လိုကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာအဆင့်တွင် ဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဗဟိုအဆင့်ကလည်း အခြေခံအဆင့်အထိ စဉ်ဆက်မပြတ်ဆင်း၍ ထိတွေ့စောင့်ရှောက်ပေးကြရန်လိုကြောင်း။

အခြေခံဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုအဆင့်မှ နိုင်ငံတော်ကိုကိုယ်စားပြုပြီး လက်တွေ့ထိတွေ့ကူညီစောင့်ရှောက်ခြင်းသည် ဒေသခံများအတွက် စိတ်ဓာတ်အင်အားကို တိုးပွားစေကြောင်း။

သို့ဖြစ်၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် တင်နိုင်ရေးအတွက် ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်မှုများကို ဗဟိုအဆင့်မှ လက်တွေ့ထိတွေ့စောင့်ရှောက်ကူညီပံ့ပိုးမှုများဖြင့် အားပေးဆောင်ရွက်ကြရန်ပြောကြားပြီး ညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် ဩဂုတ်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဇူလိုင် ၂၈

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေ

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ရွာနိုင်ကာ၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့နှင့် ဟင်္သာတမြို့တို့တွင် တစ်ကြိမ်ခန့်၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့် သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့် စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်ရှိနိုင်သည်။

ယနေ့မိုးလေဝသ (၂၉-၇-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာခိုင်နှုန်း ၈၀ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာခိုင်နှုန်း ၈၀ ဖြစ်သည်။

ဆိုင်ကယ်ခိုးသူ အချိန်မီဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၈

ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် ဗိုလ်တောက်ထိန်လမ်း အမှတ်(၆/၃၅) ဒေါ်ကျင်စိန်၏ နေအိမ်တွင် ငှားရမ်းနေထိုင်သူ မောင်သက်နောင်အေး (ဘ) ဦးတင်အေးသည် ဇူလိုင် ၂၇ရက် နံနက် အိပ်ရာမှနိုးစဉ် မိမိပိုင် DVD စက်တစ်လုံးနှင့် အပြာရောင် ဆိုင်ကယ်တစ်စီး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတစ်ဆင့် သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားခဲ့သည်။

ထို့ကြောင့် သက်ဆိုင်ရာက မသင်္ကာသူများအနက် အိမ်ရှင် ဒေါ်ကျင်စိန်၏ မြေးဖြစ်သူ ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာနေ နိုးနိုးအောင် (ခ) ပွေလီ (၁၉)နှစ် (ဘ) ဦးကျော်မြင့်သည် အဘွားဖြစ်သူထံ ယခင်က မကြာခဏ လာရောက်တတ်ခြင်း၊ အလုပ်အကိုင်မရှိခြင်း၊ အရက်သေစာ သောက်စားတတ်ခြင်း၊ မိဘများ၊ ယောက္ခမများနှင့် အဆင်မပြေခြင်း၊ အခင်းမဖြစ်မီနေ့က ဆိုင်ကယ်ပြင်ဆိုင်၌ ထိုင်နေခဲ့ခြင်း၊ အခင်းဖြစ်ပြီးနောက် အဘွားဖြစ်သူထံ လာရောက်မှု မရှိတော့ခြင်း စသည့်သံသယ ဖြစ်ဖွယ်ရာများကြောင့် ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် နိုးနိုးအောင်အား ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ နိုးနိုးအောင် (ခ) ပွေလီထံမှ ခိုးယူဝှက်သိမ်းထားသည့် ဆိုင်ကယ်နှင့် ငွေကျပ် ၄၀၀၀၀ဖြင့် ရောင်းချထားသော DVD စက်တို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး တရားခံအား ထိရောက်စွာ အရေးယူ အပြစ်ပေး နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၅** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၅** ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် -သတ္တပညာသုတ်**
- **၉:၁၀** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း အက်ဆစ်တစ်စက် ဝိုင်တစ်ခွက် (လွင်မိုး၊ နန္ဒာလှိုင်)**
- **၁:၅၀** ၆။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၇။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၂၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၅။ မျိုးချစ်တပ်မတော်
- **၄:၅၅** ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၀၀** ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၃။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၆၅) ဇာတ်သိမ်း**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ မဂ္ဂင်ယာဉ်ကြီးအမြန်စီး ခရီးထွက်တော့မည်**
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သတ္တိ ဗျတ္တိ" (အပိုင်း-၁၈)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၆ (စနေနေ့)

- ၇:၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ Video Magazine
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၄၅ မေးကြည့်ဖြေကြည့်ပဟေဠိ (ရီဝေယံ၊ စုချစ်ဇော်)
- ၈:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀ မမေ့နိုင်စရာ နန်းတွင်းရတနာ ရိုက်ကွင်းရှာ
- ၉:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၁၀ ရွှေထည်ပြုလုပ်ခြင်းအနုပညာ
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ ကလေးတို့အတွက်လက်ဆောင် (လက်ချောင်းစွပ် အရုပ်ခေါက်နည်း)
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ ခေတ်မီလှပနေထိုင်ဖို့ တိုက်လှလှလေး ဆောက်ကြစို့
- ၉:၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၀၀ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၁၀:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၂၅ 'စိတ်'မှစတဲ့ သုံးထပ်ကွမ်း အကယ်ဒမီဆုရှင် "ဝါဝါဝင်းရွှေ"
- ၁၁:၀၅ တေးဂီတအစီအစဉ်
- ၁၁:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၁၅ နိုင်ငံတကာအနုပညာရေးရာ
- ၁၁:၄၅ ချိုဆိမ့်မွှေးမွှေးသကြားလုံးလေး
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ တံငါတံတား
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆည်းဆာ"(အပိုင်း-၉)**
- ၁:၁၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁:၂၅ ၈။ **"မပြောမပြီး မတီးမမြည်" (နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ-မောင်မောင်မြင့်)**
- ၁:၄၅ ၉။ ဆင်းရွှေလီ ရန့်သင်းပျံ့မွှေးကြိုင် လာရှိုးခရိုင်
- ၂:၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၁၅ ၁၁။ အဆိုပြိုင်ပွဲ
- ၂:၂၅ ၁၂။ ဆင်ဖြူရှင်တံတား
- ၂:၃၀ ၁၃။ အကပြိုင်ပွဲ
- ၂:၃၅ ၁၄။ **"အရေးကြီးလို့ပါ" (ခင်လှိုင်၊ ခင်နှဲ့နှဲ့မူ) (ဒါရိုက်တာ-ခင်နှဲ့နှဲ့မူ)**
- ၂:၄၀ ၁၅။ သုံးဆယ်ရေလှောင်တမံ
- ၂:၄၅ ၁၆။ International News.
- ၃:၀၀ ၁၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြုများ) (သတ္တဗေဒ)
- ၅:၁၀ ၆။ နားဝင်ပီယံ သူ့လက်သံ
- ၅:၁၅ ၇။ **"ချစ်လွန်းလို့" (ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၅:၂၀ ၈။ တေးဂီတအစီအစဉ်
- ၅:၃၅ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ Discovery
- ၆:၅၀ ၁၃။ တေးဂီတအစီအစဉ်
- ၇:၀၀ ၁၄။ သီပေါ၊ လားရှိုး ရိုက္ခာဖြိုးတိုးပွားနေမည် စပါးဆင်းရွှေလီ
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ" (အပိုင်း-၁၇)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း-၅)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရေးမြို့နယ် ဒူးယား တိုက်နယ်ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဒူးယားတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၈

မွန်ပြည်နယ် ရေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ရက် နံနက်ပိုင်းတွင် ရေးမြို့ ညှော့ရိပ်သာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ ကျောင်းရွာကျေးရွာနယ်မြေခံ တပ်နယ်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဝတ်စုံပေးအပ်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းရွာ တိုက်နယ် ဆေးရုံသို့ ရောက်ရှိကြပြီး ကျေးရွာရှိ ကြက်ခြေနီ တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံထောက်ပံ့ငွေ ပေးအပ်သည်။

ယင်းနောက် ကျောင်းရွာ တိုက်နယ် ဆေးရုံရှိ အမျိုးသား ဆေးကုဆောင်၊ ခွဲစိတ်ခန်းနှင့် အမျိုးသမီး ဆေးကုဆောင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆေးရုံဝန်းကျင် သန့်ရှင်းရေး၊ သာယာလှပရေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းရွာရှိ ဓမ္မရက္ခိတ စာသင်တိုက်သို့ ရောက်ရှိပြီး သက်တော်(၇၇)နှစ်ရှိ ဆရာတော် ဘဒ္ဒန္တ ခန္တီစာရ၏ ကျန်းမာရေး အခြေအနေနှင့် သာသနာရေး ဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် နံနက် ၁၀နာရီတွင် ဒူးယားတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်မင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ဒူးယား တိုက်နယ် ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒူးယားတိုက်နယ် ဆေးရုံအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကို ဆေးရုံခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ကျန်းမာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်မင်းက ဒူးယားတိုက်နယ် ဆေးရုံတိုးချဲ့ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မွန်ပြည်နယ် အတွင်း ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်ပေးနိုင်မှုကို ကြည့်မည်ဆိုလျှင် မွန်ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးကို ခုတင်(၃၅၀)ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ခုတင် (၅၀)ဆံ့ ဆေးရုံတစ်ရုံကို တိုးမြှင့်ခဲ့ပြီး (၁၆) ခုတင်ဆံ့ မြို့နယ်ဆေးရုံ ခုနစ်ရုံကို (၂၅) ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ပေးခဲ့ကြောင်း၊ ထို့ပြင် ၁၉၈၈ ခုနှစ်က တိုက်နယ်ဆေးရုံ ၁၀ရုံသာ ရှိခဲ့ရာ ယခုအခါ ၁၇ရုံအထိ တိုးချဲ့တည်ဆောက်ပေးခဲ့ကြောင်း။

တိုးတက်လာခဲ့

ကျေးလက်ကျန်းမာရေးဌာနအသီးသီး၏ အခြေအနေကို ကြည့်မည်ဆိုလျှင်လည်း ၁၉၈၈ခုနှစ်က စုစုပေါင်း ၇၃ခုသာ ရှိခဲ့ပြီး ယခုအခါ ၈၂ခုအထိ တိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း။

ကျန်းမာရေးဝန်ထမ်း၏ အခြေအနေတွင်လည်း ၁၉၈၈ခုနှစ်က ဆရာဝန် ၁၂၁ဦးသာ ခန့်ထားနိုင်ခဲ့ပြီး ယခုအခါ ၁၉၀ နှင့် သူနာပြု ၁၆၆ ဦးမှ ၂၉၅ ဦး အထိ တိုးချဲ့ခန့်ထားနိုင်ခဲ့ကြောင်း၊ အခြေခံ ကျန်းမာရေးဝန်ထမ်းများတွင်လည်း ၁၉၈၈ခုနှစ်က ၄၆၉ဦးသာ ခန့်ထားရာမှ ယခုအခါ ၆၈၆ဦးအထိ တိုးချဲ့ခန့်ထားပေးနိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ပြည်နယ်အတွင်း ကျန်းမာရေးကုသမှု အရည်အသွေး မြှင့်တင်ပေးနေသကဲ့သို့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသများ အထိဖြန့်ကြက်ပြီး ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ဒူးယားတိုက်နယ် ဆေးရုံအသစ်ကို နိုင်ငံတော်ကပံ့ပိုးမှု၊ ပြည်သူလူထု၏ ပူးပေါင်းထည့်ဝင်မှုနှင့် တည်ဆောက်ခဲ့ကြခြင်းဖြစ်၍ ပြည်သူလူထုနှင့် နိုင်ငံတော်အစိုးရ လက်တွဲဆောင်ရွက်မှု၏ ပြယုဂ်တစ်ခုအဖြစ် မှတ်တမ်းတင် ကျန်ရစ်နေမှာဖြစ်ကြောင်း။

ထို့ကြောင့် ယခုအခမ်းအနားကို တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုများအားလုံးအနေဖြင့် တစ်ဖက်က ကုသရေးလုပ်ငန်းဝိုင်းဝန်း ဆောင်ရွက်နေချိန်တွင် ပြည်သူလူထု အကြားရောဂါဘယကင်းရှင်းပြီး အဆင့်အတန်းမြင့်သည့် ကျန်းမာရေးအဆင့်အတန်းရရှိအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

တည်ဆောက်ပေးလျက်ရှိ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် မိမိနိုင်ငံအတွင်း စွမ်းအားပြည့်ဝခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ပြည့်စုံအောင် တည်ဆောက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူကာ အမျိုးသား ကျန်းမာရေးမူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများ၏ ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှုပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံသားအားလုံး ကာယသုခ၊ စိတ္တသုခ ပြည့်ဝစေမည့် **"အားလုံးအတွက် ကျန်းမာရေး"** ရည်မှန်းချက်ရရှိစေရန် အမျိုးသားကျန်းမာရေး စီမံကိန်းများ ရေးဆွဲပြီး ကျန်းမာရေး လုပ်ငန်းများကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုကိုအခြေခံ၍ အကောင်အထည်ဖော်ရန်၊ ပြည်တွင်း၌ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း လူအင်အားကို ရေရှည်ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်းလိုအပ်ချက်နှင့် လိုက်လျောညီထွေမွေးထုတ်ရန်၊ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဆက်နွယ်မည့် ဝန်ကြီးဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာရေး လုပ်ငန်းတိုးချဲ့ရာတွင် တိုင်းပြည်၏လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ရေးအတွက် ကျေးလက်ဒေသများသာမက မဖွံ့ဖြိုးသေးသော နယ်စပ်ဒေသများကိုလည်း အထူးဦးစားပေးဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ဆောင်ရွက်ချက်များနှင့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီသည်အထိ ဆောင်ရွက်ခြင်းကို အားပေးရန်နှင့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် စသည့် အမျိုးသားကျန်းမာရေး မူဝါဒများ ပြဌာန်းထားကြောင်း။

ထူထောင်နိုင်ခဲ့

ယခုကဲ့သို့ နိုင်ငံတော်ကြီးကို ကြိုးပမ်းတည်ဆောက်ရာတွင် ကျန်းမာရေးကဏ္ဍ အနေဖြင့် ၁၉၈၈ခုနှစ်တွင် ၆၃၁ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၃၀၀ကျော် ဆရာဝန် ၁၁၀၀၀ ကျော် ရှိခဲ့ပြီး ယခုအချိန်အခါတွင် ဆေးရုံပေါင်း ၈၂၆ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၅၆ ခု၊ ဆရာဝန်ပေါင်း ၁၇၅၆၄ ဦး ရှိလာခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင်ခုတင် (၃၀၀)ဆံ့ အထူးကုဆေးရုံကြီးများ၊ သင်ကြားရေးဆေးရုံကြီးများ၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ခွဲစိတ်ကုသရေး ပစ္စည်း ကိရိယာများ ဖြည့်တင်းပေးမှု စသည့် အရည်အသွေး မြှင့်တင်ရေး အစီအမံများကိုလည်း ထိထိရောက်ရောက် ထိုက်ထိုက်တန်တန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပြည်နယ်၊ တိုင်းများတွင် ဖြန့်ကြက်တည်ရှိနေသည့် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခုမှာ အနိမ့်ဆုံး အားဖြင့် ခုတင် (၂၀၀)ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံစီ ထူထောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

မွန်ပြည်နယ်အတွင်း ကျေးလက်ဒေသ၌ တိုက်နယ်ဆေးရုံတစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ပြီးဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုရရှိနိုင်တော့မှာဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုက်နယ်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် အေးချမ်းသာယာမှု၏ အကျိုးရလဒ်များပင် ဖြစ်ကြောင်း။

မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများကလည်း ပြည်ထောင်စုကြီး တစ်ရပ်လုံး အေးချမ်းသာယာအောင်၊ စည်းလုံးညီညွတ်အောင် ဖွံ့ဖြိုးတိုးတက်အောင်၊ ငြိမ်းချမ်းရေးတံတားခင်းပြီး အစဉ်တစိုက်လျှောက်လှမ်းလာခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာမှန်သော ဖြောင့်မတ်သော ဦးဆောင် ကြိုးပမ်းမှုများမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ပြီး တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ဆေးရုံအဆောက်အအုံသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဟုမ်းတောက်ကုမ္ပဏီမှ ဦးချန်စိန်က မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ တင်ဝင်းကျော်သို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ဟုမ်းတောက် ကုမ္ပဏီမှ ဦးလှမြင့်က ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများအား အသီးသီး ပေးအပ်သည်။

ထို့နောက် ဒူးယား တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးသန်းရှိန်–ဒေါ်စန်းစန်းဝင်း (မြတ်သူရကုမ္ပဏီ လီမိတက်) မိသားစုက ငွေကျပ်ရှစ်သိန်း၊ ဟုမ်းတောက်ကုမ္ပဏီ လီမိတက်က ငွေကျပ်ခုနစ်သိန်း၊ အစင်ကျေးရွာမှ ဦးမောင်မြင့်နှင့် ရေးမြို့နယ် ဆရာဝန်ကြီးဒေါက်တာသန်းထွန်းအောင်တို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ယင်းနောက် ဦးထွန်းမြင့်(ရေးမြို့)၊ ဒူးယားကျေးရွာမှ ဦးတင်ယု၊ ဦးတင်ရှိန်၊ ဒူးယားကျေးရွာ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဒူးယားကျေးရွာ ဈေးသူဈေးသားများက ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက လက်ခံပြီးဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အစင်ကျေးရွာမှ ဦးရဲထယ်၊ ဒူးယားကျေးရွာမှ ဘုန်းတော်ကြီးကျောင်း ဝေယျာဝစ္စ အဖွဲ့၊ ဦးသူရှိန်၊ ဦးပန်းရီ၊ ဦးမျိုးချစ်နှင့် ရပ်မိရပ်ဖများ၊ ဦးချစ်မိသားစုနှင့် ဒူးယား ကျေးရွာသူကျေးရွာသားများက ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းကြရာ ဗိုလ်မှူးချုပ် မြင့်စိုး၊ ဒေါက်တာတင်မင်းတို့က လက်ခံကြပြီး ဂုဏ်ပြုလွှာများပြန်လည် ပေးအပ်ကြသည်။

ယနေ့ အလှူရှင်များလှူဒါန်းငွေ စုစုပေါင်းမှာငွေကျပ် ၂၉သိန်းဖြစ်ကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဆေးရုံ အဆောက်အအုံသစ် အတွင်းရှိ သူနာပြုများ နားနေခန်း၊ မွေးဖွားပြီးလူနာခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဆရာဝန်များ နားနေခန်းတို့ကို ကြည့်ရှု စစ်ဆေးကြပြီး ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်လိုက်သော ရေးမြို့နယ် ဒူးယားတိုက်နယ် ဆေးရုံအဆောက် အအုံသစ်သည် အလျား ၁၂၈ပေ၊ အနံ ၁၀၃ပေရှိပြီး တစ်ထပ်အုတ်တိုက်ပုံ အဆောက်အအုံဖြစ်သည်။ ယင်းဆေးရုံ ဖွင့်လှစ်လိုက်ခြင်းဖြင့် ဒူးယားကျေးရွာ အပြင် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၇၀၀၀ကျော်ကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဒူးယား ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေးမြို့နယ် အစင်ကျေးရွာရှိ မြတ်သူရ ကုမ္ပဏီလီမိတက် အအေးခန်း စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးရာ မြတ်သူရ ကုမ္ပဏီမှ ဦးသန်းရှိန်က လိုက်လံရှင်းလင်း ပြသသည်။

ထိုမှ တစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေးမြို့နယ် ပြည်သူ့ဆေးရုံ (ခုတင် ၅၀ဆံ့) တိုးချဲ့လူနာဆောင်သစ် တည်ဆောက်ခြင်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဟုမ်းတောက် ကုမ္ပဏီမှ ဦးချန်စိန်က တိုးချဲ့လူနာဆောင်သစ်၏ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆေးရုံတိုးချဲ့ဆောင်သစ် သတ်မှတ်ချိန်တွင် စံချိန်စံညွှန်းများနှင့် အညီပြီးစီးရေးနှင့် ဆေးရုံဝန်းကျင် သစ်ပင်ပန်းမန်များ စိုက်ပျိုးကြရန်နှင့် ယာဉ်ရပ်နားနေရာများ တည်ဆောက်ရေး မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ တိုးချဲ့ဆေးရုံ အဆောက်အအုံတွင် လူနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်းတို့ ပါဝင်မည်ဖြစ်ပြီး ပင်မဆောင်အလျား ၁၇၆ပေ၊ အနံ ၄၄ပေ၊ အမြင့် ၂၈ပေ၊ ခွဲစိတ်သားဖွားဆောင် အလျား ပေ ၅၀၊ အနံပေ ၄၀ စုစုပေါင်း ကြမ်းခင်းဧရိယာ ၁၆၂၄၈ စတုရန်းပေဖြစ်သည်။ အဆောက်အအုံသည် နှစ်ထပ်သံကူကွန်ကရစ်ဖြစ်ပြီး ၂၀၀၆ခုနှစ် နှစ်ကုန်ပိုင်းတွင် လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေးမြို့နယ် အတွင်းရှိ နယ်မြေခံတပ်ရင်း အသီးသီးသို့သွားရောက်၍ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားပြီးလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့အသိပေးချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E) နှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

၁။ လ၏၁ ရက်နေ့မှ ၅ရက်နေ့အတွင်း တာဝန်ကျမီတာစာရေးများမှ ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။
၂။ လ၏ ၆ ရက်နေ့မှ ၁၀ရက်နေ့အတွင်း ငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။
၃။ လ၏၁၁ရက်နေ့မှ၁၅ရက်နေ့အတွင်းမီတာဖတ်စာရေးများမှ ကျသင့်ငွေတောင်းခံလွှာများအား ထပ်မံလာရောက် ဝေငှပါမည်။
၄။ လ၏ ၁၆ရက်နေ့မှ ၂၅ရက်နေ့အတွင်း ဓာတ်အားသုံးစွဲသူများမှ မိမိတို့ပေးဆောင်ရမည့် ကျသင့်ငွေများအားသက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် ငွေပေးသွင်းရမည့် သတ်မှတ်ရက်အလိုက် မပျက်မကွက်လာရောက်ပေးဆောင်ရပါမည်။
၅။ လ၏ ၂၆ရက်မှစ၍ သတ်မှတ်ရက်အတွင်း ငွေပေးသွင်းရန် ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။
၆။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများမှ လ၏ ၁ရက်မှ ၅ရက်နေ့အတွင်း မီတာများအလွယ်တကူဖတ်ရှုနိုင်ရေး၊ လ၏ ၁၁ရက်မှ ၁၅ရက်အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သောဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(အထက်ပါ ဆောင်ရွက်ချက်များကို ဇူလိုင်လ သုံးစွဲသောမီတာအား ဩဂုတ်လ ၁ရက်နေ့တွင် စတင်ဖတ်ခြင်းမှ ပြုလုပ်သွားမည်ဖြစ်ပြီး နောင်လစဉ် အထက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၈

ဇူလိုင် ၂၅ရက် နံနက် ၆နာရီ ၄၅မိနစ်က ဒေါက်တွိုနီသည် ကစားဖော်များဖြစ်ကြသည့် ပါမောက္ခ ဦးခင်မောင်ဝင်း (အသည်း)၊ ပါမောက္ခဦးဝင်းမြင့် (ခွဲစိတ်)နှင့် ဦးရှောစိန်တို့နှင့်အတူ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၃)တွင် Red Tee မှ Ultra-4 ဂေါက်သီးအား Callaway Iron တုတ်အမှတ်(၇)ဖြင့် ရိုက်လိုက်ရာ ၁၁၄ ကိုက်အကွာတွင်ရှိသော ကျင်းထဲသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။(ကြေးမုံ)

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားကြောင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၂၈

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ)ရေလမ်းကြောင်း၌ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့် (၇)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၆ခုနှစ် ဇူလိုင် ၂၀ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၇) နှင့် (၈)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့် (၇)အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ ပေ ၄၀ရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျော ဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဒေါ်ခင်သိန်းဝင်းအားရည်စူး၍ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မယ်စီကုန်းလမ်း၊ (၇)ရပ်ကွက်နေ ဦးအုန်းကြွယ်နှင့် သားသမီးမြေးတစ်စုက အလှူတော်ငွေကျပ်တစ်သိန်းကိုရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊မြေနီကုန်း၊ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

ရန်ကုန် ဇူလိုင် ၂၈

ယနေ့နံနက်မြန်မာစံတော်ချိန် ၀၉း၃၀ နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့ညက ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိ နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ကုန်ကားနှစ်စီးတိုက်ရာမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၂၈

ဇူလိုင် ၂၆ရက် နံနက် ၅နာရီတွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းပေါ်၌ ကုန်တင်ကားနှစ်စီး ခေါင်းချင်းယှဉ်တိုက်မိရာမှ မီးလောင်မှုဖြစ်ပွားရာ မီးသတ်ယာဉ်ကိုးစီး ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် ကားနှစ်စီးနှင့် ကားဖြင့်သယ်ဆောင်လာသောကြက်သွန်၊ သကြားအိတ်၊ အအေးခန်းပစ္စည်း၊ ကားပစ္စည်း၊ ရေစုပ်စက်ပစ္စည်းများ မီးလောင်ခံရကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ဇူလိုင်၂၃ရက်က မန္တလေးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း၊ အမှတ်(၆၂၈/၆၃၂)၊ ပထမထပ်ရှိ မန္တလေးအသင်း ရတနာပုံအနုပညာခန်းမတွင် ပြုလုပ်ရာ တာမွေမြို့နယ်၊ မင်္ဂလာဇေယျာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသအမှူးပြုသည့် သံဃာတော်များအား အသင်းဝင်များက ဝါဆို သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေချင်

စာတည်းရှင့်-

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် (၂)ရပ်ကွက် ဗိုလ်ဗထူးလမ်းရှိအိမ်တစ်အိမ်တွင် ဝက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပါသည်။**(အပေါ်ပုံ)** ဝက်များ၏အညစ်အကြေးများအား နောက်ဖေးလမ်းကြားသို့ စည်းကမ်းမဲ့ စွန့်ပစ်နေသောကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဝက်မွေးမြူရေးလုပ်ငန်းအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးပြီး

၁-၇-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ နတ်တလင်းမြို့ ကံဦးရပ်ကွက်အဝင် လမ်းမကြီးဘေးရှိ ရေမြောင်းများအား "ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးသင့်"ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

စည်းကမ်းနှင့်အညီရောင်းချရေး ဆောင်ရွက်ပေးပြီး

၈-၇-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံ သတင်းစာပါ သန်လျင်မြို့ မြို့မဈေးကြီးအတွင်း စည်းကမ်းနှင့်အညီ ဈေးရောင်းချစေလိုပေးစာနှင့်စပ်လျဉ်း၍ ကြပ်မတ် ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

လက်ဖက်ရည်ဆိုင်မှ ဆူညံသံ နားမခံသာ

စာတည်းခင်ဗျား-

မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်းနှင့် ၁၂၄ လမ်း ထိပ်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သည် နေ့စဉ် နံနက်မိုးမလင်းမီကပင် ဆူညံစွာပြင်ဆင်ခင်းကျင်းခြင်း၊ ကက်ဆက်သံကျယ်လောင်စွာ ဖွင့်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဆိုင်အား ကြပ်မတ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **မြယာကုန်းသား**

အမြင်မတော်ညှော်ရိပ်သာ စိစစ်ဆောင်ရွက်ပေးပါ

စာတည်းရှင့်-

ဒဂုံမြို့သစ်မြောက်ပိုင်း (၄၈)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းအနီးတွင် ညှော်ရိပ်သာတစ်ခု ရှိပါသည်။ ၎င်းညှော့် ရိပ်သာသို့ စုံတွဲများ နေ့စဉ်ဝင်ထွက်သွားလာလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါညှော့်ရိပ်သာအား လိုအပ်သလိုစိစစ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အမြင်မတော်သူများ**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ပြည်သူ့ထံမှပေးစာ

ရန်ကင်းမြို့မဈေးဘေးမှ အမှိုက်ပုံရှင်းပေးစေလို

စာတည်းခင်ဗျား-

ရန်ကင်းမြို့နယ် အနောက်ရန်ကင်းမြို့မဈေး မြောက်ဘက်ခြံစည်းရိုးနှင့်ကပ်လျက်နေရာတွင် ဈေးသည်များ၊ ဈေးလာဝယ်သူများနှင့် တစ်ရပ်ကွက်လုံးမှ အမှိုက်များ လာရောက်စွန့်ပစ်လျက်ရှိပါသည်။**(အောက်ပုံ)** အမှိုက်များ လာရောက်သယ်ယူ ရှင်းလင်းခြင်းမရှိသည့်အတွက် အနံ့ဆိုးများ ထွက်ပေါ်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှိုက်ပုံအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ရန်ကင်းသား**

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးသင့်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ကော့မှူးမြို့ ဈေးပတ်ဝန်းကျင်နှင့် မြို့လယ် လမ်းမကြီးတစ်လျှောက်တွင် ခွေးလေခွေးလွင့်များပေါများနေသဖြင့် လမ်းသွားလမ်းလာအချို့ ခွေးကိုက်ခံကြရပါသည်။ သို့ဖြစ်ပါ၍ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ခွေးကိုက်ခံရသူတစ်ဦး**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ နယူးဇီလန်နိုင်ငံသံအမတ်ကြီး ဒေါက်တာ ဘရုခ် ဘာရင်တန် ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာ ဘရုခ် ဘာရင်တန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူ နှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဘရုခ် ဘာရင်တန်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီ ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ကောင်စီ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာ ဂျာရိုစလော၊ ကာဇင်(န်)စကီး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် မျိုးချစ်စိတ်ဓာတ်တို့ အမြဲမပြတ် ရှင်သန်ထက်မြက်နေရန်လို ယင်းစိတ်ဓာတ်အခြေခံတို့ဖြင့် နယ်စပ်ဒေသများဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ခဲ့ ရရှိပြီးအောင်မြင်မှုများကို ကျေနပ်နှစ်သိမ့်မနေဘဲ ဆက်လက်ပံ့ပိုးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၀၆)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။ (အောက်ပုံ)

စာမျက်နှာ ၈ ကော်လံ ၁ သို့ *